၁၁၂

ိုးညှင်းဆရာတော်ဘုရား

၏

ဂ၊၄၈

ဓမ္မဒါန

အခြေခံ-ရုပ်နာမ်အကျဉ်းချုပ်

# ဝိပဿနာအလုပ်ပေးတရားတော်

မြန်မာ့ ... ၆၄
၅ : ၃ : ၆၆

ဣစ္ဆာသယ ပိဋကတ် စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။
၁၃၂၇-ခု။ နတ်တော်လပြည့်။

အဂ္ဂမဟာပဏ္ဍိတ

မိုးညှင်းဝိပဿနာ တရားပြ

# မိုးညှင်းဆရာတော်ဘုရား

၏

အခြေခံ ရုပ်နာမ်အကျဉ်းချုပ်

# ဝိပဿနာအလုပ်ပေးတရားတော်

---

ရန်ကုန်မြို့ မိုးညှင်းဝိပဿနာတိုက်သစ်ကြီး၏

အကျိုးဆောင်ချုပ် ဦးဘညွန့်က

တာဝန်ယူ၍ ၁၃၂၇-ခု ပြာသိုလအတွင်း

~~ရိုက်နှိပ်လှူဒါန်းသည်။~~

ဣစ္ဆာသယ ပိဋကတ် စာပုံနှိပ်တိုက်

၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

# နိဒါန်းစကား

---

ကုသိုလ်သည် သဘောအားဖြင့် အနဝဇ္ဇသုခဝိပါကလက္ခဏာ ဟု တပါး။ သရုပ်အရေအတွက်အားဖြင့် လောကီကုသိုလ် ၁၇-ပါးရှိရာ၌ ပြုလုပ်မှုကြိယာအားဖြင့် ကာမာဝစရကုသိုလ်၌ ဒါန, သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာနုမောဒနာ, ဓမ္မသဝန, ဓမ္မဒေသနာ-ဟူ၍ ၁၀-မျိုး။ မဟဂ္ဂုတ်ကုသိုလ် ၉-ပါး၌ ပြုလုပ်မှုကြိယာ အားဖြင့် ဈာန် ၉-ပါးရှိသတည်း။ ၎င်းတို့အနက် ကာမာဝစရကုသိုလ်၏ ပြုလုပ်မှုကြိယာတို့မှာ ၁၀-မျိုး ပြားလာသည်တွင် ပြုသောပုဂ္ဂိုလ်တို့၏ ပတ္ထနာဆန္ဒအရ အကျဉ်းမျှ ပြရသော်-

၁။ တစုံတခုကို မတောင့်တဘဲ အမှတ်မဲ့ပြုသော ကုသိုလ်တမျိုး။

၂။ လောကီ သက်သက်ကို တောင့်တ၍ ပြုသော ကုသိုလ်တမျိုး။

၃။ လောကီ-လောကုတ္တရာချမ်းသာ ၂-ပါးကိုတောင့်တ၍ ပြုသော ကုသိုလ်တမျိုး။

၄။ လောကုတ္တရာ ချမ်းသာသက်သက်ကိုသာ တောင့်တ၍ ပြုသော ကုသိုလ်တမျိုး-

ဟု ဆန္ဒပတ္ထနာအလိုက် ၄-မျိုးအကျဉ်းမှတ်၍ ၎င်း (၄)မျိုးတို့တွင် တတ်နိုင်ပါလျှင် လောကုတ္တရာချမ်းသာ သက်သက်ကိုသာ တောင့်တ၍ပြုသော စတုတ္ထကုသိုလ်သာ ပြုအပ်၏။ စတုတ္ထကုသိုလ်ကို မတတ်နိုင်က တတိယကုသိုလ်သာ ပြုအပ်၏။

တတိယ ကုသိုလ် မတတ်နိုင်မူ ဒုတိယ ကုသိုလ် ပြုအပ်၏။ ဒုတိယကုသိုလ် မတတ်နိုင်မှ ပဌမကုသိုလ် ပြုအပ်၏။ ထို (၄)မျိုးသော ကုသိုလ်တို့တွင် ဝိဝဋ္ဋဟုဆိုအပ်သော ဝဋ္ဋဆင်းရဲကင်းငြိမ်းရာ နိဗ္ဗာန်ချမ်းသာ သက်သက်ကို တောင့်တ၍ ပြုသောကုသိုလ်သာလျှင် ပါရမီသမ္ဘာရ ဖြစ်နိုင်လေသည်။ ထို ဝိဝဋ္ဋကိုမှီ၍ ပြုသော ကုသိုလ်သည်လည်း သံသရာဝဋ္ဋဒုက္ခ၏ အပြစ်မြင်ခြင်းလျှင် အကြောင်းရင်း ရှိလေသည်။ (ဝါ) သံသရာ၏ အပြစ်ကို မြင်မှ ဖြစ်နိုင်သည်။

ထိုသံသရာ၏ အပြစ်ကိုမြင်ခြင်း ဆိုသည်မှာလည်း ရုပ်နာမ်ဓမ္မ ဝဋ္ဋဒုက္ခတို့၏ အဖြစ်အပျက် ဘေးအပြစ်ကိုရင်း၊ အချည်းနှီး တစ္ဆ အနှစ်သာရမှ ကင်းသော သုည တို့ကိုရင်း ပြသော ဝိပဿနာတရားကို နာကြားရမှ ဖြစ်နိုင်ချေသည်။ ထိုတရား ဒေသနာသည်လည်း ဘုရားပွင့်ရာ သာသနာနှင့် တွေ့မှ နာရသည်။

သာသနာပ အခါကာလတို့၌ ပစ္စေကဗုဒ္ဓါ တို့သည်လည်းကောင်း သရဘင်္ဂအစရှိသော အကျော်အမော် ဆရာကြီးတို့သည်လည်းကောင်း အနိစ္စသဘော, ဒုက္ခသဘောသာ ဟောကြားနိုင်လေသည်။ အနတ္တသဘောကိုကား မဟောကြားနိုင်ချေ။ ထို အနိစ္စ, ဒုက္ခသဘော များကို ဟောကြားသည် ဆိုသော်လည်း ဉာတိဗျသန-ဆွေမျိုး တို့၏ ပျက်စီးခြင်း။ ဘောဂဗျသန-စည်းစိမ်ဥစ္စာတို့၏ပျက်စီးခြင်း။ ရောဂဗျသန-အနာရောဂါတို့ ခန္ဓာကိုယ်၌နှိပ်စက်ခြင်း။ မရဏဓမ္မ-ယောကျ်ားမိန်း ပုဂ္ဂိုလ်သတ္တဝါတို့ သေဆုံးသော သမ္မုတိမရဏ အစရှိသော ထင်ရှားသိသာသည့် အနိစ္စ, ဒုက္ခမျှကိုသာ ဟောနိုင်ကြကုန်၏။ အတိတ်,

အနာဂတ်, ပစ္စုပ္ပန် ဟုဆိုအပ်သော ကာလသုံးပါး၌ ဖြစ်သော ရုပ်နာမ်တရားတို့၏ အဝိဇ္ဇာ,သင်္ခါရ အစရှိသော ပဋိစ္စ,သမုပ္ပါဒ် အကြောင်းတရား၊ ကံ,စိတ်,ဥတု, အာဟာရ, ဖဿ အစရှိသော အကြောင်းတရား၊ ဟေတုပစ္စည်း,အာရမ္မဏပစ္စည်း အစရှိသော အကြောင်းတို့ကို အရင်းမူသဖြင့် ခဏတိုင်း ဖြစ်ပျက်သော အနိစ္စ အစစ်, ထိုသို့ခဏတိုင်း ဖြစ်ပျက်၍ အဆင်းရဲဆုံးဖြစ်သော ဒုက္ခ အစစ် တရားအနှစ်အမှန်တို့ကို မဟောမပြော နိုင်ကြလေကုန်။ ထိုသို့သော အနိစ္စအစစ်, ဒုက္ခအစစ်အမှန်တို့ကို မဟောနိုင်ကြ၍ အနတ္တ တရားသဘော အစစ်ကိုလဲ သာသနာပတွင် ဘယ်သူ တဦးတယောက်မျှ အမြင်မပေါက်ကြချေ။ အနတ္တတရားအထိ အသိဉာဏ် မရောက်ကြ၍ သာသနာပ အခါကာလ၌ အရိယာ အဖြစ်သို့ မရောက်နိုင်။ လက္ခဏာရေး သုံးဖြာ ဉာဏ်အမြင်သာ အရိယာဖြစ်ကြောင်းမှတ်။

ထိုသို့ဆိုခဲ့သော အကြောင်းယုတ္တိ များကို ထောက်ဆ ဆင်ခြင်ပြီးလျှင် သာသနာတွင်း၌သာ နာနိုင်ကြားနိုင်သော ခဏိက အနိစ္စ,ဒုက္ခ,အနတ္တတရား အစစ်အမှန်များကို နာကြားရသဖြင့် သံသရာ၏ ဘေးအပြစ် အစစ်ကေန်ကိုသိရခြင်း၊ ထိုသို့သိရသဖြင့် သံသရာ၏ အပြစ်ဒေါသကိုမြင်ခြင်း၊ ဆင်ခြင်နိုင်ခြင်း၊ ထိုသို့ သံသရာ၏ အပြစ်အာဒီနဝကို ဆင်ခြင်နိုင် သိမြင်နိုင်ကြ၍ ဝဋ္ဋ ဆင်းရဲကြီးကို ကြောက်လန့် ငြီးငွေ့ပြီးလျှင် ဝဋ္ဋဒုက္ခမှ ကင်းရာ နိဗ္ဗာန်၏ အကျိုးထူး ဂုဏ်အင် အာနိသင်ကို သိမြင်နိုင်ကြ၍ နိဗ္ဗာန်ကို လိုချင်သော ဆန္ဒဖြစ်သာနိုင်ခြင်း၊ ထိုသို့သိ၍ အလို ရှိမှ ကုသိုလ်ပြုတိုင်း နိဗ္ဗာန်ကိုမှီသော ကုသိုလ်ကို ပြုလုပ်နိုင်ခြင်း စသော အကျိုးတို့ကြောင့် ယခုအခါ တမဂ် တဖိုလ် ရအောင်

ပြုလုပ် အားထုတ်မှု မရှိသေးသော်လည်း မဂ်ဖိုလ် နိဗ္ဗာန်၏ ကျေးဇူးဂုဏ်အင် အာနိသင်ကို ဆင်ခြင်သိမြင်နိုင်ကြရန် သံသရာဝဋ်ဒုက္ခ ရုပ်ခမ္မနာမ်ဓမ္မတို့ကို ဖော်ပြသော ဝိပဿနာတရားကို များများကြီး နာထိုက်လှ၍လည်းကောင်း၊ သဒ္ဓါ ဆန္ဒ ဝီရိယ ရှိကြလျှင် ရုပ်နာမ် ရှုကြည့်သော ဝိပဿနာ အလုပ်တရားကို အားထုတ်တတ်ကြ စေရန်လည်းကောင်း ရည်သန်မျှော်တွေး၍ ရေးသားလိုက်ခြင်း ဖြစ်ပေသတည်း။



## အခြေခံ ရုပ်နာမ်အကျဉ်းချုပ်

# ဝိပဿနာအလုပ်ပေးတရားတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
(စိရံ တိဋ္ဌတု ဝိပဿနာဓမ္မော)

### အသက်ရှူလိုသောစိတ် အသက်ရှိုက်လိုသော စိတ်ကြောင့် ထွက်လေဝင်လေခေါ်သော အဿာသ ပဿာသ ဖြစ်ပေါ်လာပုံ

မှတ်ချက်။ ။နာမဿ ခါဒိတုကာမတာယ ပိဝိတုကာမတာယ အစရှိသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသ လာအရ ရှူလိုစိတ် ရှိုက်လိုစိတ်ဟု ရေးလိုက်သည်။

အဿာသပဿာသာနံ သမုဒယော၊ ကရဇကာယော စ စိတ္တဉ္စာတိ ပဿတိ။ ယထာဟိ ကမ္မာရဂဂ္ဂရိယာ ဓမယမာနာယ ဘတ္တဉ္စ ပုရိသဿစ တဇ္ဇံ ဝါယာမံ ပဋိစ္စ ဝါတော သဉ္စရတိ၊ ဧဝမေဝ ကာယဉ္စ စိတ္တဉ္စ ပဋိစ္စ အဿာသပဿာသာတိ။ တတော အဿာသပဿာသေ စ ကာယဉ္စ ရူပန္တိ စ စိတ္တံ အရူပန္တိ စ ဝဝတ္ထပေတိ။

ဧဝံ နာမရူပံ ဝဝတ္ထပေတွာ၊ တဿ ပစ္စယံ ပရိယေသတိ ပရိယေသန္တော စ တံ ဒိသွာ တီသုပိ အဒ္ဓါသု နာမရူပဿ ပဝတ္တိံ အာရဗ္ဘ ကင်္ခံ ဝိတရတိ။ ဝိတိဏ္ဏကင်္ခေါ ကလာပ သမ္မသနဝသေန တိလက္ခဏံ အာရောပေတွာ ဥဒယဗ္ဗယာ နုပဿနာယ ပုဗ္ဗဘာဂေ ဥပ္ပန္နေ ဩဘာသာဒယော ဒသ ဝိပဿနုပက္ကိလေသေ ပဟာယ ဥပက္ကိလေသဝိနိမုတ္တံ ပဋိပဒါ ဉာဏံ မဂ္ဂေါတိ ဝဝတ္ထပေတွာ ဥဒယံ ပဟာယ ဘင်္ဂါနုပဿနံ ပတွာ နိရန္တရံ ဘင်္ဂါနုပဿနေန ဘယတော ဥပဋ္ဌိတေသု သဗ္ဗသင်္ခါရေသု နိဗ္ဗိန္ဒန္တော ဝိရဇ္ဇန္တော ဝိမုစ္စန္တော စတ္တာရော အရိယမဂ္ဂေ ပါပုဏိတွာ အရဟတ္တဖလေ ပတိဋ္ဌာတိ။
(ပါရာဇိကကဏ်အဋ္ဌကထာ တတိယသိက္ခာပုဒ် အာဏာပါနသတိအဖွင့် နံပါတ် ၃၂-ဆဋ္ဌမူ)။

(အနက်)

အဿာသပဿာသာနံ၊ ထွက်လေဝင်လေတို့၏။ သမုဒယော၊ ဖြစ်ကြောင်းသည်။ ကရဇကာယော စ၊ ကရဇကာယခေါ်ဆို ရူပကာယ ခန္ဓာကိုယ်ကြီး သည်လည်းကောင်း။ စိတ္တဉ္စ၊ စိတ်သည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ပဿတိ၊ ရှု၏။

ကရဇကာယ ခေါ်သော ရူပကာယ ခန္ဓာကိုယ်ကြီး၏လည်းကောင်း၊ စိတ်၏လည်းကောင်း၊ ထွက်လေ ဝင်လေ တို့၏ ဖြစ်ကြောင်း၏ အဖြစ်ကို ဥပမာဖြင့် ထင်ရှားစွာ ပြလိုရကား။

ဟိ၊ ဥပမာဖြင့် ထင်ရှားစွာ ပြဆိုဦးအံ့။ ကမ္မာရဂဂ္ဂရိယာ၊ ပန်းတိမ်သည်တို့၏ သားရေဖြင့် ပြုလုပ်အပ်သော ဖိုကို။ ဓမယ မာနာယ၊ မှုတ်အပ်သည် ရှိသော်။ ဘသ္တဉ္စ၊ သားရေအိတ်ကို

လည်းကောင်း။ပုရိသဿ၊ ယောကျာ်း၏။ တဇ္ဇံ၊ ထိုမှုတ်ခြင်းအား ဖြင့် လျှောက်ပတ်သော။ ဝါယာမဉ္စ၊ လုံ့လကို လည်းကောင်း။ ပဋိစ္စ၊ စွဲ၍။ ဝါတော၊ လေသည်။ သဉ္စရတိယထာ၊ ကောင်းစွာ ဖြစ်ပေါ်လာသကဲ့သို့။ ဝေမေဝ၊ ဤအတူသာလျှင်၊ ကာယဉ္စ၊ ကရဇကာယခေါ်သို ဤရူပကာယ ခန္ဓာကိုယ်ကြီးကို လည်း ကောင်း။ စိတ္တဉ္စ၊ ထွက်လေ ဝင်လေ ပြုလိုသော စိတ်ကိုလည်း ကောင်း။ ပဋိစ္စ၊ စွဲ၍။ အဿာသ-ပဿာသာ၊ ထွက်လေ ဝင်လေ တို့သည်။ သဉ္စရန္တိ၊ ထင်ရှားစွာ ဖြစ်ပေါ်၍ လာကြလေကုန်၏။ ဣတိ၊ ဤသို့။ ပဿတိ၊ ရှု၏။ တတောပဿတော၊ ထိုသို့ ရှုပြီး သည်မှ။ပရံ၊ နောက်၌။အဿာသပဿာသေစ၊ ထွက်လေ ဝင်လေ တို့ကိုလည်းကောင်း။ ကာယဉ္စ၊ ကရဇကာယခေါ်သို ရူပကာယ ကိုယ်ကြီးကိုလည်းကောင်း။ ရူပန္တိ၊ ရုပ်ဟူ၍။ ဝဝတ္ထပေတိ၊ ရှုမှတ်၏။ စိတ္တဉ္စ၊ စိတ်ကိုလည်းကောင်း။ တံသမ္ပယုတ္တဓမ္မေစ၊ ထို စိတ်နှင့် အညီအညွတ် ကေ့ပ္ပါဒ အစရှိသော အပြားတို့ဖြင့် ယှဉ်ကုန်သော စေတသိက်တရားတို့ကိုလည်းကောင်း။ အရူပန္တိ၊ နာမ်တရားဟူ၍။ ဝဝတ္ထပေတိ၊ မျက်စိမြင်ငြား ထိုယောကျာ်း သည် ပတ္တမြားနှင့်ကြိုး တမျိုးစီသာ ရှုကြည့်ရာသို့ ရုပ်နှင့် နာမ်ကား တခြားစီဟု ဉာဏ်နှင့်ရှု၏။(သုတ်သီလက္ခန်ပါဠိတော်၊ သာမညဖလသုတ်ဝိပဿနာဉာဏ်ရှုနည်းအရာ လာသော ဥပမာ အရ၊ အနက်ပြလိုက်၏)။ ဧဝံ၊ ဤသို့။ နာမရူပံ၊ နာမ်ရုပ်တရားကို။ ဝဝတ္ထပေတွာ၊ ရှုမှတ်ပြီး၍။ တဿနာမရူပဿ၊ ထိုနာမ်ရုပ်၏။ ပစ္စယံ၊ အဝိဇ္ဇာအစရှိသော အကြောင်းတရားကို။ ပရိယေသတိ၊ ရှာ၏။ စ၊ ဆက်၍ ဆိုဦးအံ့။ ပရိယေသန္တော၊ အကြောင်းကို ရှာသည်ရှိသော်။ တံပစ္စယံ၊ ထိုအကြောင်းကို။ ဒိသွာ၊ မြင်၍။

တီသုပိ၊ အတိတ်,အနာဂတ်,ပစ္စုပ္ပန်၏ အစွမ်းဖြင့် သုံးပါးလည်း ဖြစ်ကုန်သော။ အဒ္ဓါသု၊ အခါကာလတို့၌။ နာမရူပဿ၊ နာမ်ရုပ်၏။ ပဝတ္တိံ၊ ဖြစ်ခြင်းကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကင်္ခံ၊ တဆယ့်ခြောက်ပါးသော ယုံမှားခြင်းကို။ ဝိတရတိ၊ ကူးမြောက်၏။ ဝိတိဏ္ဏကင်္ခေါ၊ ယုံမှားခြင်းကို ကူးမြောက်ပြီးသည်။ ဟုတွာ၊ ဖြစ်၍။ ကလာပသမ္မသနဝသေန၊ အပေါင်း အားဖြင့် သုံးသပ်ရှုကြည့်ခြင်း၏ အစွမ်းဖြင့်။ တိလက္ခဏံ၊ အနိစ္စ,ဒုက္ခ, အနတ္တ၏ အစွမ်းဖြင့် သုံးပါးသော လက္ခဏာသို့။ အာရောပေတွာ၊ တင်၍။ ဥဒယဗ္ဗယာနုပဿနာယ၊ ဖြစ်ခြင်း ပျက်ခြင်းကို အဖန်တလဲလဲ ရှုခြင်းဖြင့်။ ပုဗ္ဗဘာဂေ၊ မဂ်၏ရှေ့၌ဖြစ်သောအဘို့၌။ ဥပ္ပန္နေ၊ ဖြစ်ကုန်သော။ ဩဘာသာဒယော၊ ဩဘာသ အစရှိကုန်သော။ ဝါ၊ ဩဘာသ, ဉာဏ, ပီတိ, ပဿဒ္ဓိ, သုခ, အဓိမောက္ခ, ပဂ္ဂဟ, ဥပေက္ခာ,ဥပဋ္ဌာန,နိကန္တိဟု ဆိုအပ်ကုန်သော။ ဒသ၊ ဆယ်ပါးကုန်သော။ ဝိပဿနုပက္ကိလေသေ၊ ဝိပဿနာ၏ ညစ်ညူးကြောင်းတို့ကို။ ပဟာယ၊ ပယ်၍။ ဥပက္ကိလေသဝိမုတ္တံ၊ ညစ်ညူးကြောင်းတို့မှ လွတ်သော။ ပဋိပဒါဉာဏံ၊ ပဋိပဒါဉာဏ်ကို။ မဂ္ဂေါတိ၊ မဂ်ဟူ၍။ ဝဝတ္ထပေတွာ၊ မှတ်သား၍။ ဥဒယံ၊ ဖြစ်ခြင်း ပျက်ခြင်းကို အဖန်တလဲလဲ ရှုခြင်းဖြင့် ယူအပ်သောသင်္ခါရတို့၏ ဖြစ်ခြင်းကို။ ပဟာယ၊ စွန့်၍။ ဘင်္ဂါနုပဿနံ၊ သင်္ခါရတို့၏ ပျက်ခြင်းကို အဖန်တလဲလဲ ရှုခြင်းသို့။ ပတွာ၊ ရောက်၍။ နိရန္တရံ၊ မပြတ်။ ဘင်္ဂါနုပဿနေန၊ သင်္ခါရတို့၏ အပျက်ကိုသာရှုသော ဘင်္ဂဉာဏ်ဖြင့်။ ဘယတော၊ ဘေးအားဖြင့်။ ဥပဋ္ဌိတေသု၊ ထင်ကုန်သော။ သဗ္ဗသင်္ခါရေသု၊ အလုံးစုံသော သင်္ခါရတရားတို့၌။ နိဗ္ဗိန္ဒန္တော၊ နိဗ္ဗိဒါနုပဿနာဉာဏ်ဖြင့် ငြီးငွေ့သည်။ ဝိရဇ္ဇန္တော၊ အရိယာ မဂ်ဉာဏ်

ဖြင့် တပ်မက်ခြင်း ကင်းသည်။ ဝိမုစ္စန္တော၊ ဖိုလ်ဉာဏ်ဖြင့် လွတ်သည်။ ဟုတွာ၊ ဖြစ်၍။ ယထာက္ကမံ၊ အစဉ်အတိုင်း။(ဝါ)၊အစဉ်အားလျော်စွာ။ စတ္တာရော၊ လေးပါးကုန်သော။ အရိယမဂ္ဂေ၊ မြတ်ကုန်သော အရိယာမဂ်တို့သို့။ ပါပုဏိတွာ၊ ရောက်၍။ အရဟတ္တဖလေ၊ ရဟန္တာအဖြစ်ဟုဆိုအပ်သောဖိုလ်၌။ ပတိဋ္ဌာယ၊ တည်၍။ ဧကူနဝီသတိဘေဒဿ၊ တခုဖြင့် ယုတ်သော နှစ်ဆယ်သော အပြားတို့ ရှိသော။ ပစ္စဝေက္ခဏာဉာဏဿ၊ ပစ္စဝေက္ခဏာဉာဏ်၏။ ပရိယန္တပတ္တော၊အဆုံးသို့ ရောက်သည်။ သဒေဝကဿ၊ နတ်နှင့်တကွဖြစ်သော။ လောကဿ၊ သတ္တလောက၏။ အဂ္ဂဒက္ခိဏေယျော၊ မြတ်သော အလှူကို ခံခြင်းငှာ ထိုက်သည်။ ဟောတိ၊ဖြစ်၏။

ကမ္မာရဂဂ္ဂရိဝိယ ကရဇကာယော ဝါယာမောဝိယ စိတ္တံဒဋ္ဌဗ္ဗံ၊ကိဋ္ဋာပိ အဿာသပဿာသာ စိတ္တသမုဋ္ဌာနာ၊ကရဇကာယံ ပန ဝိနာ တေသံ အပ္ပဝတ္တနတော ကာယဉ္စ စိတ္တဉ္စ ပဋိစ္စ အဿာသပဿာသာတိ အဋ္ဌကထာယံ ဝုတ္တံ။(သာရတ္ထဒီပနီဋီကာ)။

(အနက်)

ကမ္မာရဂဂ္ဂရိဝိယ၊ ပန်းဘဲသမား၏ လေဖိုကဲ့သို့။ ကရဇကာယော၊ ကရဇကာယခေါ်ဆို ရုပကာယ ခန္ဓာကိုယ်ကြီးကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ဝါယာမောဝိယ၊ လေထွက်အောင် မှုတ်သောဝီရိယကဲ့သို့။ (ဝါ)၊လေထွက်အောင် ဆွဲသောလုံ့လကဲ့သို့။ စိတ္တံ၊ ထွက်လေဝင်လေဖြစ်အောင်ရှုလိုသောစိတ်ရှိက်လိုက်သော စိတ်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ အဿာသပဿာသာ၊ ထွက်လေဝင်လေတို့သည်။ကိဋ္ဋာပိ စိတ္တသမုဋ္ဌာနာ၊ အကယ်၍ကား စိတ်

ကြောင့် ဖြစ်ကုန်၏။ ပနတထာပိ၊ ထိုသို့ဖြစ်ကုန်သော်လည်း။ ကရဇကာယံ၊ ကရဇကာယခေါ်ဆို ရူပကာယခန္ဓာကိုယ်ကြီးကို။ ဝိနာ၊ ကြဉ်၍။ တေသံ၊ ထိုထွက်လေ ဝင်လေတို့၏။ အပ္ပဝတ္တနတော၊ မဖြစ် ခြင်းကြောင့်။ ကာယဋ္ဌစိတ္တဋ္ဌအဿာသပဿာသာတိ၊ ဟူ၍။ အဋ္ဌကထာယံ၊ အဋ္ဌကထာ၌။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။

ဤအထက်ပါ ဝိနည်းအဋ္ဌကထာ ဋီကာကြီးတို့၏ အမိန့်အဆိုအလိုအရမှာ ဈာနလာဘီ ဈာန်ရပြီးသော ပုဂ္ဂိုလ်ကြီးတို့သည် ဈာန်မှဆက်လက်၍ ဝိပဿနာသို့ တက်ကြရာ၌-

၁။ နာမ်ကရှေ့သွား၊ ရုပ်တရား၊ နောက်ရှုနည်းတပါးနှင့်-

၂။ ရုပ်ကရှေ့သွား၊ နာမ်တရား၊ နောက်ရှုနည်း ၂-ပါး ဟုဖွင့်ပြတော်မူသတည်း။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ဈာနလာဘီ ဈာန်ရပြီးသော ပုဂ္ဂိုလ်ကြီးတို့၏ ဈာန်မှထ၍ ဝိပဿနာရှုနည်းမှာ နာမ်ကရှေ့သွား ရုပ်တရားက နောက်ရှုနည်း တပါးပင်ဟု ဝိနည်းအဋ္ဌကထာကြီးနှင့် အတူပြတော်မူ၏။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာကြီးနှင့်အတူ ထူးခြားစွာ ဝိနည်းအဋ္ဌကထာကြီး ဖွင့်ပြတော်မူသော ရုပ်ကရှေ့သွား နာမ်တရားက နောက်ရှုပုံရှုနည်း ၂-ပါးပြရာ-

၁။ ပဌမရှုနည်းမှာ ဒွတ္တိံသာကာရ ဆံပင် အစရှိသော ကောဋ္ဌာသအစု၌ ဓာတ်ကြီးလေးပါးတို့ကို လည်းကောင်း၊ ထို ဓာတ်ကြီးလေးပါးကို မှီ၍ဖြစ်သော ဥပါဒါရုပ်တို့ကိုလည်းကောင်း ရှုကြည့်မှတ်သားပွားများ၏။ (ဤကား ရုပ်၌ရှုပုံတပါးမှတ်)။

၂။ ဒုတိယရှုနည်းမှာ အာနာပါန ခေါ်သော ထွက်လေ ဝင်လေ၌ ရုပ်ဝိပဿနာရှုနည်းကို (ယခုအကျဉ်းချုပ် ဝိပဿနာ အားထုတ်နည်း စာအုပ်၌) အထက်ပါ ဝိနည်း အဋ္ဌကထာ ဋီကာကြီးတို့ လာသည့်အတိုင်း သဘောပေါက် နားလယ်ပြီး အလွယ်နှင့် ရှင်းရှင်းလင်းလင်း ရှုတတ်ကြရန် ပြပေအံ့။

အဋ္ဌကထာ ဥပမာပြရာတွင် ပန်းတိမ်ဆရာ ပန်းဘဲဆရာတို့ အသုံးပြုသော သားရေဖြင့် ပြုလုပ်ထားသည့် ဖားဖို(ဝါ) လေ ဖိုကြီးကို ပန်းဘဲဆရာ ပန်းတိမ်ဆရာက ဆွဲငင်လိုက်ရာ လေတို့ သည် ဖို၏နှုတ်သီးဝမှ တဝူးဝူးနှင့် ဆွဲတိုင်းဆွဲတိုင်း ထွက်ပေါ်၍ လာကုန်၏။ ထိုဥပမာ၌ သိရန်အချုပ်ကား ဆွဲလိုက်တိုင်း ထို သားရေလေဖိုကြီးမှ လေထွက်လာပုံမှာ—

(က) သားရေဖိုကြီးရှိခြင်း။ (ခ) ပန်းဘဲ ပန်းတိမ်ဆရာက ဆွဲခြင်း။ ဤ ၂-မျိုးကြောင့် နဂိုအစက မရှိသော လေသည် ထင်ရှားစွာ ဖြစ်ပေါ်လာ၏။ ၎င်းဥပမာကို သဘောကျအောင် သိထားပါ။ ထိုနည်းအတူ ဥပမေယျ အာနာပါန ထွက်လေ ဝင်လေ၌—

၁။ ကရဇကာယခေါ်သော ရူပကာယ ခန္ဓာကိုယ်ရှိခြင်း။

၂။ ရှုလို ရှိုက်လိုသော စိတ်ရှိခြင်း။ ဤအကြောင်း ၂-ပါး တို့ကြောင့် နဂိုအစက မရှိသော အာနာပါန ခေါ်သော ထွက်လေ ဝင်လေတို့သည် အစဉ်မပြတ် မရပ်မနား ဖြစ်ပေါ် လာကြကုန်၏။(အထူးသိသာရန်မှာ ထွက်လေ ဝင်လေတို့သည် စင်စစ်အမှန် စိတ်ကြောင့်သာ ဖြစ်သည် မှန်သော်လည်း ကိုယ် ကြီးနှင့် ကင်း၍ မဖြစ်နိုင်သောကြောင့် ကိုယ်ကာယကြီးပါ ထည့်သွင်း၍ အကြောင်း၂-ပါး ပြတော်မူသည်ဟုသိလေ)။

ဤနေရာတွင် ထွက်လေ ဝင်လေ မရှိသောသူ (၆)ဦး ပြကြကုန်၏။ ၎င်းတို့မှာ- ကိန်းအောင်း သန္ဓေ၊ ရေနစ် မိန်းမော၊ နိရောဓဝင်စား၊ ငရဲသားနှင့်၊ထက်ဖျား ဗြဟ္မာ၊ ဤခြောက်ဖြာသည်၊ အာနာပါနကင်းသော ပုဂ္ဂိုလ်များ ဖြစ်၏။

ယခုတရား အားထုတ်ကြသူများမှာ ထိုထွက်လေ ဝင်လေ တို့သည် မွေးဖွားသည်ကစ၍ သေသည့်အထိ လျောင်း,ထိုင်, ရပ်,သွား,ဣရိယာပုထ် လေးပါးစလုံးတို့၌ အမြဲထာဝရ ရှိနေ ကြသဖြင့်၎င်း၊ အားထုတ်ရန် တရားလွယ်ကူလှ၍လည်းကောင်း ရုပ်ကိုစ၍ ရှုသော ဝိပဿနာ အားထုတ်ကြသူ ယောဂီများ အတွက် လွယ်လွယ်ကူကူနှင့် သိနိုင်ရှုနိုင်ကြစေရန် ရူပပရိဂ္ဂဟ ဉာဏ်မှစ၍ ရုပ်အနိစ္စ ရှုနည်းအထိ ပြလိုက်ပါသတည်း။ပြည့်စုံ လုံလောက်သော ကျမ်းဂန် အထောက်အထားကို ကိုးကားပြီး လျှင် ဤသို့သေချာဂန အခြေအမြစ်နှင့်တကွ ပြရခြင်းမှာ ယခု အခါမြတ်စွာဘုရား သာသနာတွင် တွေ့ဆုံကြုံကိုက် လူအဖြစ်ကို ရခိုက်နှင့် သမ္မာဒိဋ္ဌိ ကုသိုလ်မှန်း အကုသိုလ်မှန်း သိကြသည့် အမျိုးကောင်းသား သမီးတို့မှာ အမြတ်ဆုံးဖြစ်သော ဘာဝနာ ကို ရှာဖွေကြိုးစား ပွားများကြရာတွင် အာနာပါန ဘာဝနာကို လေ့လာသူ များကြလေသည်။ တရားအားထုတ်သူ ယောဂီတို့၏ သဘောဓမ္မတာကား မိမိတို့ယုံကြည်လေးမြတ် ဆည်းကပ်အား ထားသော ကမ္မဋ္ဌာန်းဆရာများ၏ စေခိုင်းတိုက်တွန်း ဟော ပြောပြသချက် အတိုင်းသာလျှင် နာယူမှတ်သား ယုံကြည်သော စေတနာ သဒ္ဓါတရားနှင့် အားထုတ်ကြမြဲဖြစ်ရာ မိမိအားထုတ် သောတရား၏ အနက်အဓိပ္ပါယ်ကို သဘောမပေါက် နားမလည်

ဘဲ အားထုတ်ရခြင်းထက် မိမိအားထုတ်ရမည့် တရားကို နား လည် သဘောပေါက်ပြီး ရှုမှတ် ကြိုးစားရခြင်းက အားထုတ် ရာတွင် သာ၍ပင် စိတ်ပါဝင်စား နိုင်ခြင်း အားထုတ်လို့ (ဝါ) ရှုမှတ်လို့လွယ်ကူခြင်း စိတ်ကြေနပ်မှုရခြင်း စသော အကျိုးများ မှချရနိုင်သည့်ပြင် အားထုတ်ရာ၌လည်း သမာဓိပညာ ရလွယ် နိုင်သောကြောင့် မပင်မပန်း ချမ်းချမ်းသာသာ ရှင်လန်းဝမ်း မြောက်စွာနှင့် အားထုတ်နိုင်ကြ ပါစေခြင်းငှာ လည်းကောင်း၊ အားထုတ်ရှုမှတ်သည်နှင့် တပြိုင်နက် တရား အစစ်အမှန်သို့ ဉာဏ် ရောက်ခါ လွယ်ကူစွာနှင့် အားထုတ်နိုင်ကြပါစေခြင်း အကျိုး ငှာလည်းကောင်း၊ ဝေးနီးများစွာ တရားဝါသနာပါသူ ယောဂီ ဖြူတို့အား ကူညီရိုင်းပင်းလိုသော မွန်မြတ်သည့်စိတ်ရင်း စေတ နာရင်း နှလုံးသွင်း တကယ်အမှန်ဖြင့် သေချာဂနစွာနှင့် အာနာ ပါနခေါ် ထွက်လေဝင်လေတို့၏ သဘောသွားကို ဖြစ်ပေါ်ရင်း အစဇစ်မြစ်မှ သန္တတိ အပျက်အဆုံးအထိ ရေးသား ပြသလိုက် ခြင်း ဖြစ်ပေသတည်း။

ယောဂီပုဂ္ဂိုလ်တို့အလုပ်နှင့် အတိုချုပ်သိရန်မှာ လေဖိုထဲတွင် နဂိုပကတိ လေမရှိဘဲ ဖိုကိုဆွဲရာ လေထွက်လာသကဲ့သို့ ဤကိုယ် ထဲမှာ ထွက်လေ ဝင်လေ နဂိုနေမှာ မရှိပါဘဲ ကာယစိတ္တ ဤ နှစ်ဝကြောင့် ခဏဖြစ်ငြား လျှပ်စစ် လားသို့ ထင်ရှား ဖြစ်ပြီး ချုပ်ပျက်စီးသည် အချည်းနှီးတုစ္ဆ အနတ္တာ သုညဟု သုတမယ ဉာဏ်နှင့် သိထားနှင့်ဦး၊ ထွက်လေ ဝင်လေကို ရှုမှတ်ရာ၌ အထူး သတိပြုဘွယ် အချက်များမှာ—

၁။ နဂိုအစကမရှိခြင်း၊

၂။ စိတ်ကြောင့်သာဖြစ်ခြင်း၊

၃။ ဖြစ်ပေါ် လာသည့် ထွက်လေ ဝင်လေ ခေါ်သော ဝါယောရုပ် အစဉ်သည် အစိုင်အခဲမဟုတ်၊ တွန်းကန် လှုပ်ရှားသော ရုပ်သဘောတရားမျှသက်သက်ဖြစ်ခြင်း၊

၄။ ဖြစ်ပြီးသည့်နောက် ခဏနှင့်ပင် ကွယ်ပျောက်ခြင်း၊

ဤ ၄–ချက်ကို နာနာကြပ်ကြပ် မြဲမြံစွာနားလည် သဘော ပေါက်အောင် မှတ်သားစဉ်းစားပြီးထားပါ။ ၎င်း ၄–ချက်ကို ဥပမေယျ အားဖြင့် အားထုတ် ရမည့် ထွက်လေ ဝင်လေ၌ သဘောမပေါက်က ဥပမာ ပြထားသော ပန်းဘဲ သမားတို့၏ လေဖိုမှ ဆွဲလိုက်တိုင်း ဆွဲလိုက်တိုင်း (ဝါ)မှုတ်လိုက်တိုင်း မှုတ် လိုက်တိုင်း လေထွက်လာပုံ၊ ၎င်းလေသည် ခဏကြာလျှင် ကုန် သွား၍ ထပ်ဆွဲရပုံ၊ လေထွက်ပုံ ပျောက်ပုံကို ပြန်၍စဉ်းစားပါ။ လေဖိုမှ အစကမရှိသော လေသည် ဆွဲလိုက်တိုင်း ထွက်၍ ထွက် ၍လာတိုင်း ကုန်ပျောက် သွားပုံ၊ ဤ ၄–ချက်ကို ရှင်းလင်း အောင် သိပါစေ။ ၎င်းဥပမာသည် ကြားလိုက်သည်နှင့် တချက် တည်း လူတိုင်း နားလည်လွယ်သော ဥပမာတည်း။

(တရားအရာ၊ နက်နဲပါက၊ ပုံနှင့်ပြမူ သိကြစမြဲ၊ မှန်မလွဲ တည်း)။

(ဥပမာယ မ်ငေကေစ္စေ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ) အတိုင်း အဋ္ဌကထာပြသည်။

(ဤတခုသတိပြု)။ ။ထို ထွက်လေ ဝင်လေကို ရှုမှတ်ရာ တွင် အစိုင်အခဲ ဝမ်းဗိုက်ကြီးသည် အထက်သို့ ပွ၍ တက်လာ ကြွ၍ တက်လာခြင်း အောက်သို့ ရှုံ့၍ ကျသွားခြင်းကို အာရုံ

ယူ၍ မရှုရ၊ စမ်းဗိုက်ကြီး ကိုယ်ကာယအလည်ပိုင်းကြီး ရှိ၍သည် ပွသည်ဟု ရှုမှတ်ရာ၌ အာရုံ ပါနေလျှင် ပညတ် အစိုင်အခဲကြီး ပိတ်ပင်တားဆီး နေ၍ ရှုမှတ်သောအခါ ရုပ္ပနလက္ခဏာ ခေါ်သော ဖောက်ပြန် ပြောင်းလဲသည့် တကဲ့ရုပ်အစစ် သဘောကို မသိမမြင်လွယ်နိုင်။(သတိပြု)။ရုပ်အစစ် ရုပ်သဘောကို မိအောင် ရောက်အောင် မရှုနိုင်က ရုပ်အနိစ္စလဲ ရှုရန် မလွယ်တော့ချေ။ မမြင်နိုင်လေ။

တရားကိုထိမိအောင် ဟောပြောနိုင်သော်လည်း ရှုကြည့်ရာ မမိမထိတဲ့နိုင်။ အားထုတ်သူတိုင်း ထင်ရှားသည်ထက် ထင်ရှားအောင် ဥပမာတခု ဆောင်ရလျှင် ပျောင်းလုံး ဝါးလုံးတွင် လေမှုတ်လိုက်သော် ထိုလေသည် ဘာတခုမျှ အငြိအတွယ်မရှိဘဲ ၎င်းလေသက်သက်သာလျှင် ရှိတာကို ရှင်းရှင်းလင်းလင်း သိရသကဲ့သို့ ထွက်လေ ဝင်လေ ရှုရှိုက်သော အခါမှာလဲ ပျောင်းလုံး ဝါးလုံးကို မှုတ်တဲ့လေလို အာရုံယူ၍ ရှုပါ။ ဤသို့ပြုရခြင်းသည် တွန်းကန် လှုပ်ရှား လေရုပ်တရား အစဉ်၌ အစိုင်အခဲ အတုံး အချောင်း အပေါင်းအလုံး သဏ္ဌာန်ပညတ် မဟုတ်မှန်းကို တိတိကျကျ သိရသဖြင့် တွန်းကန်လှုပ်ရှားမှုသဘောမျှသက်သက် ဟု ဉာဏ်နှင့် အလွယ်တကူ ရှုနိုင်ရန် အတွက် ဖြစ်၏။ ရှုနိုင်ရန် အောက်ပါ ၄-ချက်ကို မြဲမြဲမှတ်ထားပါလေ။

၁။ ဝါယောရုပ် အစဉ်သည် အစိုင်အခဲမဟုတ် တွန်းကန် ရွေ့ရှားခြင်းသဘောမျှသာ သိထားရန်၊

၂။ နဂိုအစပဌမက မရှိနှင့်တာကို သိထားရန်၊

၃။ စိတ်ရှိ၍သာ ဖြစ်သည် စိတ်ကြောင့်သာ ဖြစ်သည်ဟု သိထားရန်၊

၄။ ထိုဖြစ်လာသော ဝါယောရုပ်အစဉ် ထွက်လေ ဝင်လေ သည် ကြာရှည်မတည်၊ ခဏမျှဖြစ်ပေါ်လာပြီး ခဏနှင့် ပင် ကုန်ပျောက် သွားပါ တကားဟု ထိုလေရုပ်အစဉ် သန္တတိ၏ အတိုအပြတ်မျှကို သိထားရန်၊

ဤ ၄-ချက်ကို မရှုမိကပင် အသိဉာဏ် ပေါက်ထား ပါက တကယ် ဝိပဿနာအလုပ် အားထုတ်ရာတွင် အမှန်ပင် လွယ်လွယ် နှင့် ရှုမှတ်နိုင်ပေလိမ့်မည်။

လွယ်ကူစွာ သိကြရန် ပြခဲ့ပြီးသော အထက်ပါ လေးချက် တို့အနက်-

၁-အရ အစိုင်အခဲ မဟုတ်ဟု သိရ၍ ရုပ်ပရမတ် သဘာဝ ကို မြန်မြန်ဉာဏ်ပေါက်နိုင်ခြင်း၊

၂-အရ နဂိုအစ ပဌမက မရှိတာကို သိရ၍ နိစ္စော, ဓုဝေါ, သဿတော, အဝိပရိဏာမဓမ္မော ဆိုသော အမြဲရှိနေသည်ဟု ထင်နေသည့် နိစ္စသညာ, ဓုဝသညာ, အမှားကြီး ကင်းပျောက် နိုင်ခြင်း၊

၃- အရ အစကမရှိဘဲ စိတ်ရှိ၍သာ ဖြစ်သည် စိတ်ကြောင့် သာ ဖြစ်သည်ဟု သိ၍ ငါပြု၍ ဖြစ်သည် ဟူသော (ဗျာပါရ ကာရက အတ္တ)အမှားကြီး။ ငါအလိုရှိတိုင်း ဖြစ်သည်ဟူသော (သယံဝသီ ဝသဝတ္တိ အတ္တ) အယူမှား ကြီးသည် ကင်း၏။ အကြောင်းကြောင့် ဖြစ်သည်ဟူသော ဤအသိသည် (ဗျာပါရ ကာရက အတ္တ ဝသဝတ္တိ သယံဝသီ အတ္တ) အမှားကို ချက်ချင်း ပယ်ခွင်းနိုင်သော အနတ္တလက္ခဏာ အမြင်မှန် ဝိဇ္ဇာဉာဏ် အလင်း ကြီးပေတည်း။

ဤနေရာတွင် အလျဉ်းသင့်ပြီး ရေးခွင့်ပေါ်၍ အတန်ငယ် ဖော်ပြရေးသားလိုက်ဦးအံ့။

အတ္တနိမိတ္တံနာမ ဝသဝတ္တနာကာရံ ပဋိစ္စ ဥပဋ္ဌာတိ၊ ဝသဝတ္တနာကာရောစ နာမရူပဓမ္မာနံ ပစ္စယာယတ္တဝုတ္တိကတ္တာဥ္စ ခဏိကတ္တာဥ္စ သုဋ္ဌုပဿန္တာနံ နတ္ထိ။

မြန်မာပြန် အဓိပ္ပါယ်မှာ၊ ငါငါဟု အခိုင်အမြဲ အစွဲအလမ်း မှတ်သား ထာဝစဉ် ထင်မှားမှု ကြီးသည်ကား ငါ၏ အလို အကြိုက်လိုက်၍ ဖြစ်နေသည်ဟူသော အခြင်းအရာ အရိပ်နိမိတ် ကြီးကိုစွဲ၍ မှားသတည်း။ ထိုအရိပ် နိမိတ် အခြင်း အရာကား အဘယ်နည်းဆိုသော် ငါသွားချင်သွားနိုင်၏။ ငါရပ်ချင်ရပ်နိုင် ၏။ ငါထိုင်ချင်ထိုင်နိုင်၏။ ငါပြောချင်ပြောနိုင်၏။ ငါကြည့်ချင် လျှင်ကြည့်နိုင်၏။ ငါကြားလိုလျှင် ကြားနိုင်၏။ အစရှိသော အခြင်းအရာတို့ပေတည်း။ ဤသို့ ငါ့အလို ငါ့အကြိုက် အတိုင်း လိုက်၍ဖြစ်နေသည် ဟူသော ထင်မှားမှုကြီးသည် ဖြစ်လာတိုင်း သော ထခြင်း ထိုင်ခြင်း သွားခြင်း အိပ်ခြင်း စသည့် ထိုထိုရုပ် အမူအရာတို့၏ ဖြစ်ပေါ်စေရန် အကြောင်းမှန် စိတ်ကို မမြင်၍ လည်းကောင်း အပျက်ကို မမြင်၍လည်းကောင်း အထက်ပါ အတ္တဟု ထင်မှား ယူမှား ကြကုန်၏။ ရုပ်ဖြစ်စေရန် စိတ်တည်း ဟူသော အကြောင်းနှင့် (ခုဖြစ် ခုပျက်သည့်) ဤအချက်ကြီး ၂-ပါးကို ဉာဏ်တွင် လှုလှု ထင်မြင်နိုင်ပါက ငါပြု၍ ဖြစ်သည် ဟူသော (ဗျာပါရ ကာရက အတ္တဒိဋ္ဌိ) ငါထချင်သလို ထနိုင် သည်၊ သွားနိုင် လာနိုင် ရပ်နိုင်သည် စသော (ဝသဝတ္တိ သယံ ဝသီ အတ္တ) အမှားကြီး တို့သည် တခါတည်း ကင်းကြလေ ကုန်၏။

ဇူဆာသယ ၄၃၈-၂

ခန္ဓေသု သုညတလက္ခဏံနာမ အတိဂမ္ဘီရံ ပောာတိ ဉာဏဿေဝ ဝိသယဘူတံ၊ သုညတဒဿနဥ္စ အတ္တဒိဋ္ဌိယာ ဥဇုပ္ပဋိပက္ခံ။

ဟူသော ကျမ်းစကားအတိုင်း ရုပ်နာမ်ခန္ဓာတို့၌ သုညတလက္ခဏာ အစစ်အမှန် သိရန် အလွန်ပင် ခက်ခဲ နက်နဲ လှပေ၏။ ဝိပဿနာဉာဏ်၏ အချက်အရာသာ ဖြစ်ပေသည်၊ ထိုသုညတဟု ပိုင်နိုင်စွာ မြင်မှသာလျှင် ငါဟူသော အတ္တအမှား ဆန့်ကျင်ဘက် ဒိဋ္ဌိတရားကြီးသည် ကွာနိုင် ပယ်နိုင်လေ၏။

ဤနေရာ၌ ဗျာပါရ ဝသဝတ္တိမှာ အတ္တအယူမှား။
အဗျာပါရ အဝသဝတ္တိမှာ အနတ္တ သုညတ အမှန်။

ဗျာပါရ ဝသဝတ္တိ အယူမှားသည် အကြောင်းမှန်ကို မသိမမြင်၍ ယူမှား၏။ အဗျာပါရ အဝသဝတ္တိသည် အကြောင်းတရား အမှန်ကို သိမြင်၍ သုညတဟု သိ၏။ အကြောင်းနှင့် စပ်၍သာ ပေါ်လာကြကုန်၏။အကြောင်းရှိသလောက် ဖြစ်ကြတည်ရှိကြကုန်၏။ ဤသည်ပင် ပစ္စယာယတ္တဝုတ္တိ ခေါ်၏။ အဝသဝတ္တိဟုဆို၏။

ထိုရုပ်နာမ်တရားတို့သည် အကြောင်းရှိလျှင် ဖြစ်ပေါ်ကြကုန်၏။ ထိုတရားတို့၏ ဖြစ်ပေါ်စေရန် ငါ၏(ဝါ)မိမိ၏ လုံ့လ ဗျာပါရနှင့် ကြောင့်ကြစိုက်ထုတ် ပြုလုပ်ရန် ဘာမျှမရှိ။

ထိုရုပ်နာမ်တရားတို့သည် မဖြစ်စေနှင့်ဟု မိမိ၏ အလိုဆန္ဒအတိုင်း မဖြစ်၊ပြုလုပ်စရာမလို၊အကြောင်းမရှိက မဖြစ်ကြကုန်။ ထိုတရားတို့ကို မဖြစ်ပေါ်စေရန် ငါ၏ (ဝါ) မိမိ၏ လုံ့လ ဗျာပါရပြုစရာ မရှိချေ။

ဤ ၂-ချက်ကို အပြန်အလှန် အဖန်ဖန် ဆင်ခြင်က သဘော ပေါက်လာလိမ့်မည်။ ဖြစ်ပေါ်ရန် မဖြစ်ပေါ်ရန် ၂-ပါးသည် ငါ၏ (ဝါ) မိမိ၏ အမူအပြုအလိုနှင့် လုံးဝ မသက်ဆိုင်ချေ။ အကြောင်း ရှိမရှိနှင့်သာ စပ်ဆိုင်လေ၏။ ထိုသို့ အကြောင်းတရား နှင့်သာ သက်ဆိုင်ပါ၍ ရုပ်နာမ်တရားတို့ကို အဗျာပါရတရား အဝသဝတ္တိတရားဟု သေချာစွာ မှတ်ကြလေ။ ဤအချက် ၂-ပါး သည် အလုံးစုံသော ခန္ဓာကိုယ်မှ ဖြစ်သမျှ ရုပ်နာမ်တို့၏ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ အတ္တ ဇီဝ တို့မှ လုံးလုံးကင်းသည့်ပုံ သုညတသဘောကို ထင်လင်းစွာ ပြဆို ချက်ကြီးပင်တည်း။ ၎င်းသုညတကိုပင်လျှင် အနတ္တလက္ခဏာဟု သေချာစွာ မှတ်လေ၊ အနတ္တလက္ခဏာကို ပေါ့ပေါ့ဆဆ မယူကြလေနှင့်၊ လေးလေးနက်နက် ဉာဏ်သက်ဝင်ပြီး မြင် အောင်ရှုပါ။

နဂိုအစက ရှိသည်ဟု ထင်ခြင်းသည်၎င်း ငါပြုလို့ ဖြစ်လာ သည်ဟု ထင်ခြင်းသည်၎င်း ဤအမှားကြီး ၂-ပါးသည် အလွန်မှ အစွဲခိုင်သော အတ္တဒိဋ္ဌိကြီးတည်း။ အနတ္တလက္ခဏာနှင့် ဖြောင့် ဖြောင့် ဆန့်ကျင်ဘက်ကြီးတည်း။ ထိုအထင်မှား အယူမှားကြီး သည် နိစ္စ,ဓုဝ,သဿတ, အဝိပရိဏာမဓမ္မ, ဗျာပါရ,ဝသဝတ္တိ, သယံဝသီ,ကာရက အမှားကြီးတွေ အပြီးပါဝင်နေသတည်း။

၄-၏အရ ထိုဝါယော ရုပ်အစဉ်သည် ခုဖြစ် ခုပျက်၍ နေ သော အတိုအပြတ်တွေ ပါတကားဟု သိရ၍ ရုပ်အနိစ္စကို အလွယ်တကူနှင့် ရှုမှတ်နိုင်၏။ ထိုရုပ်အစဉ်ကြီးကို တခြားစီ တမျိုးစီ ထင်အောင် ဆိုခဲ့ပြီးသော အာနာပါန ထွက်လေ

ဝင်လေ ရုပ်အစဉ်၏ အတိုအပြတ်တို့ကို ရှေ့ဝါယောရုပ်အစဉ်နှင့် နောက်ဝါယောရုပ်အစဉ် ကွဲအောင် ပြတ်အောင် ရှုပါ။

ဖြစ်ရုပ်အစဉ်သည် ဖြစ်ဆဲမို့ ထင်ရှား၍ ရှုလွယ်၏၊ ကွယ်ပျောက်သွားသော ရုပ်တရားမှာ မထင်ရှား၍ မသိလွယ် မမြင်ချေ။ ထို့ကြောင့် အပျက်ဟု မမြင်ဘဲ အဖြစ်ကို သိနေသည်ကို အနိစ္စ၌ သန္တတိဖုံးသည်ဟု ပြတော်မူကြ၏။

ထင်ရှား ဖြစ်ပေါ်နေသော ဥဒယနှင့် ကွယ်ပျောက်သွား၍ မထင်ရှားသော ဝယကို ခြားနားစွာ မြင်အောင် ရှုနိုင်လျှင် ပျက်မှန်းမသိ၍ မြဲ၏ဟု ထင်မှားနေသော ယင်းရုပ် သန္တတိ အစဉ်အဆက်ကြီး အတွက် မြဲသည် ခိုင်သည်ဟူသော ထင်မှား ချက်ကြီးကပင် ဆက်၍ အားကိုးရာ အားထားရာ မာန-ငါကြီးလဲ အပြီး ဝင်လာလေသတည်း။

မာနနှင့် အနိစ္စသည် ဆန့်ကျင်ဘက်၊ တဏှာနှင့် ဒုက္ခဆန့်ကျင်ဘက်၊ အတ္တနှင့် သုညဆန့်ကျင်ဘက်၊ အားကိုးရာ ငါမထင်ရန် အစဉ်ပြတ်အောင် အထပ်ထပ်ကြည့် အနိစ္စဟု သိလိမ့်မည်။

ထို့ပြင်တဝ ဆက်၍ပြစရာ အပျက်သဘောတခုမှာ အစက မရှိ၊ အကြောင်းရှိ၍ ဖြစ်ပေါ်ပြီး နောက် ချက်ချင်း ကွယ်ပျောက်ကြသော ထိုရုပ်နာမ်တရားတို့သည် ဘယ်သူ၏ လုံ့လ ပယောဂမျှ မပါ၊ သူ့သဘောအတိုင်းသာလျှင် ပျက်တာဘဲဟု သိထားရမည်။ ထိုထိုပညတ်ပျက်တို့မှာကား လောကကြီးတွင် မိမိသူတပါး အစားစားသော လုံ့လ ပယောဂ ဗျာပါရတို့နှင့် ပွဲ့ရှိ့ မွကြေ ကျိုးမွဲပျက်နေကြသည်ကား အလွန်ပင် ထင်ရှားလှပါ၏။ ရုပ်နာမ်တရားတို့၏ အပျက်ကား ထိုသို့မဟုတ်-

(ယထာ ဒုဗ္ဗလဘာဇနဿ ဘိဇ္ဇမာနဿ ဝိယ၊ ဧဝံ သင်္ခါရာ သရသဘာဝေနေဝ ဘိဇ္ဇန္တိ) မခိုင်မာမျိုး မြေလုပ်အိုးသည် မည်သူမျှမခွဲ ကွဲပျက်နဲ့သို့ ရုပ်နာမ်ပရမတ် သဘောဆတ်ဆတ်တို့ မှာလဲ ခိုင်မြဲမရှိ သူ့ပကတိ သူ့အလို သူ့နဂို ဇာတိ ပျက်တတ်သော သဘောရှိ၍ ပျက်ကြပုံကိုလဲ ဉာဏ်စူးရှလေ။

ဤအာနာပါနှ၌ ဝိပဿနာအလုပ်အားထုတ်နည်း အစီအရင်ကို အဋ္ဌကထာတွင်နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်မှစ၍ ကလာပသမ္မသနဉာဏ်,ဥဒယဗ္ဗယဉာဏ်,ဘင်္ဂဉာဏ်,ဘယဉာဏ်, နိဗ္ဗိန္ဒဉာဏ်,ဝိရာဂဉာဏ်ခေါ်သော မဂ်ဉာဏ်,ဖိုလ်ဉာဏ်,ပစ္စဝေက္ခဏာဉာဏ် အားဖြင့် လေးပါးသော မဂ်ဖိုလ်တို့သို့ အစဉ်အတိုင်း ရောက်ပုံကို အပြည့်အစုံ အကျဉ်းချုပ် ပြတော်မူ၏။ ထိုသို့ပင် ပြသော်လည်း ဤအကျဉ်းချုပ် အလုပ်ပေး စာအုပ်၌ကား နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်နှင့် ရုပ်အစဉ် နာမ်အစဉ် တခုတခုကို ရှုကြည့်သုံးသပ်သော သမ္မသနဉာဏ်၊ ၎င်းသန္တတိအစဉ်တခု၏ အသစ်ပြောင်းမှု အဖြစ်ဥဒယနှင့် သန္တတိအစဉ်တခု အဟောင်းကုန်မှု ဝယကိုရှုရန် ဥဒယဗ္ဗယဉာဏ် အထိသာပြလိုက်ပါသည်။ ဤမျှသဲလွန်စရ၍ ဟုတ်မှန်စွာ ရှုမှတ်နိုင်ကြလျှင် အထက်အထက် ဉာဏ်စဉ် ဉာဏ်အမြင်များလဲ ဆက်လက် အားထုတ်နိုင်လောက်ပြီ ဖြစ်သောကြောင့် ဤကျမ်း၌ မပြဘဲ အတိုချုံးပြီး ရုပ်ရှုနည်း ဝိပဿနာအလုပ်ကို ဤမျှနှင့်ပင် နိဂုံးချုပ်လိုက်ပါသတည်း။

## ဝိညာဏ်ဝိပဿနာအလုပ် အကျဉ်းချုပ်

ဤနေရာ၌ စိတ်ဆိုသည်မှာ ဝိညာဏ်အစု တရားအစုမည်တည်း။ ထိုဝိညာဏက္ခန္ဓာမှာ—

၁၀၉၅

(အာရုံယူဘိ၊ အသိမနေ၊ စိတ်သဘောကို၊ ဝိညာဏ်ဆို၏၊ ထိုဝိညာဏ်ကား၊ မြင်–ကြား–နံ–လျက်၊ ထိ–သိ– ချက်ဟု၊ ခြောက်ခုအကျဉ်း၊ အကျယ်ခင်းက၊ ကာမ–ရူပ၊ အရူပနှင့်၊ လောကုတ္တရာ၊ စိတ်လေးဖြာဝယ်၊ သရုပ်ချယ်သော်၊ တရာ့နှစ်ဆယ်၊ တပါးကယ်သည်၊ သိဘွယ်ဝိညာဏက္ခန္ဓာတည်း။)

ဤအထက်ပါ ဆောင်ပုဒ် လင်္ကာအရလည်းကောင်း၊ (ကိစ္စ ဘိက္ခဝေ ဝိညာဏံ ဝဒေ၊ ဝိဇာနာတီတိ ခေါ ဘိက္ခဝေ တသ္မာ ဝိညာဏန္တိ ဝုစ္စတိ။ ဝိဇာနာတီတိ ဧတ္တ ဝိညာဏံ ဝိဇာနာတိ၊ နအညော အတ္တာဝါ သတ္တောဝါ ပုဂ္ဂလောဝါ ဇီဝေါ ဝါ ပုရိသောဝါ ဝိဇာနာတိ။)

မြန်မာပြန်မှာ။ ။အိုရဟန်းတို့၊ အဘယ် သဘောကို ဝိညာဏ်ဟု ခေါ်ဆိုသနည်း။အာရုံကိုသိတတ်သော သဘောကို ဝိညာဏ်ဟု ဆိုအပ်၏။ ဤနေရာတွင် သိဆိုသည်မှာ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ အတ္တ ဇီဝ တို့က သိသည်မဟုတ်၊ သိသမျှမှာ စိတ်ဝိညာဏ်သာဟု တရားအားထုတ်သူတို့ မြဲမြဲမှတ်ထားလေ။ ဤသို့ဟောပြသည့် ခန္ဓဝဂ္ဂသံယုတ် ခဇ္ဇနီယသုတ် ပါဠိတော်မြတ်နှင့် ၎င်းအဖွင့် အဋ္ဌကထာတို့ အရလည်းကောင်း၊စိတ်ဝိညာဏ်၏ သဘောလက္ခဏာမှာ တခုတည်းသာဟု သိပါ။

ထိုသို့ပင် တခုတည်းဖြစ်သော်လည်း ဘူမိ ဇာတိ သမ္ပယောဂ သင်္ခါရ အပြားအားဖြင့် အကျဉ်း(၈၉)ပါး အကျယ် တရာ့နှစ်ဆယ်တပါး ဖြစ်လာသတည်း။ မဟာသတိပဋ္ဌာန် ပါဠိတော်မြတ်၌ စိတ္တာနုပဿနာကို ဟောရာ(၁၆)ပါးသော စိတ်ဆိုသည်မှာ အောက်ပါအတိုင်း သိပါ။

| | အမည် | | အရေအတွက် |
|---|---|---|---|
| ၁။ | သရာဂစိတ်ကား | – | လောဘမူစိတ်(၈)ပါးတည်း။ |
| ၂။ | ဝီတရာဂစိတ်ကား | – | ကြွင်းသော (၈၁)ပါးသော စိတ်တည်း။ |
| ၃။ | သဒေါသစိတ်ကား | – | ဒေါသမူစိတ် (၂)ပါးတည်း။ |
| ၄။ | ဝီတဒေါသစိတ်ကား | – | ကြွင်းသော (၈၇) ပါးသော စိတ်တည်း။ |
| ၅။ | သမောဟစိတ်ကား | – | အကုသိုလ် စိတ် (၁၂) ပါးတည်း။ |
| ၆။ | ဝီတမောဟစိတ်ကား | – | ကြွင်းသော (၇၇) ပါးသော စိတ်တည်း။ |
| ၇။ | သံခိတ္တစိတ်ကား | – | ထိနမိဒ္ဓနှင့်ယှဉ်သောလောဘမူ သသင်္ခါရိကစိတ် (၄)ပါး၊ ဒေါသမူ သသင်္ခါရိက စိတ် (၁) ပါး၊ ပေါင်း (၅) ပါးတည်း။ |
| ၈။ | ဝိခိတ္တစိတ်ကား | – | ဥဒ္ဓစ္စနှင့်ယှဉ်သောအကုသိုလ် စိတ် (၁၂) ပါးတည်း။ |
| ၉။ | မဟဂ္ဂတစိတ်ကား | – | ရူပ–အရူပ စိတ် (၂၇) ပါးတည်း။ |
| ၁၀။ | အမဟဂ္ဂတစိတ်ကား | – | ကြွင်းသော ကာမစိတ် (၅၄) ပါး၊ လောကုတ္တရာစိတ် (၈) ပါး၊ ပေါင်း(၆၂)ပါးတည်း။ |

၁၁။ သဥတ္တရစိတ်ကား – ကာမကြိယာ (၈) မဟဂ္ဂုတ်ကြိယာ(၉) ဟသိတုပ္ပါဒ်(၁) ပေါင်း (၁၈) ပါးတည်း။

၁၂။ အနုတ္တရစိတ်ကား – လောကုတ္တရာ စိတ် (၈) ပါးတည်း။

၁၃။ သမာဟိတစိတ်ကား – မဟာ ကုသိုလ်၊ ဝိပါက်၊ ကြိယာ၊ ဉာဏသမ္ပယုတ်စိတ် (၁၂) ပါး၊ မဟဂ္ဂုတ် လောကုတ္တရာ(၃၅) ပေါင်း (၄၇) ပါးတည်း။

၁၄။ အသမာဟိတစိတ်ကား– ကြွင်းသော (၄၂) ပါးသော စိတ်တည်း။

၁၅။ ဝိမုတ္တစိတ်ကား – မဟာကုသိုလ် ဉာဏသမ္ပယုတ် (၄)ပါး၊ မဟာကြိယာ ဉာဏသမ္ပယုတ် (၄)ပါး၊ မဟဂ္ဂုတ် ကုသိုလ် ကြိယာ (၁၈) ပါး၊ လောကုတ္တရာစိတ် (၈) ပါး၊ ပေါင်း(၃၄)ပါးတည်း။

၁၆။ အဝိမုတ္တစိတ်ကား – ကြွင်းသော (၅၅) ပါးသော စိတ်တည်း။

ဤအထက်ပါ စိတ္တာနုပဿနာ အရာ၌ ဟောသောစိတ် (၁၆) မျိုးနှင့်–သော ပရသတ္တာနံ ပရပုဂ္ဂလာနံ စေတသော စေ တောပရိစ္စ ပဇာနာတိ။ အစရှိသည်ဖြင့် ထိုထိုများစွာ ဒေသနာ

ဝယ် စေတောပရိယ အဘိညာဏ်ခန်း၌ ဟောသောစိတ် (၁၆) ပါးတို့သည် အတူတူမှတ်လေ။

ဤသို့လျှင် အမည်နှင့် သရုပ် အရေအတွက်ပါ ထုတ်၍ ပြသော အဋ္ဌကထာအတိုင်း (၈)စုံ၊ (၁၆)ပါး ဟောကြားသော စိတ္တာနုပဿနာ ဆိုင်ရာ စိတ်တို့မှာ ယခုအခါ စိတ်ဝိပဿနာ အလုပ်ကို အားထုတ်ကြသော ယောဂီများတို့ ရရှိနိုင် ရှုမှတ်နိုင်သော စိတ်မျိုးတွေ အားလုံးမဟုတ်သည့် ကြိယာစိတ်တွေ မဟဂ္ဂုတ်တွေ လောကုတ္တရာစိတ်တွေ အများပင် ပါဝင်နေသည်လည်း တချက်၊ အမည်အခေါ် တရားကိုယ်သဘောတို့ကလည်း နက်နဲများပြားသည်လည်း တချက်၊ ဤအတွက်ကြောင့် ရှုမှတ်ရန်မလွယ်ချေ။

ထိုထိုသုတ္တန် အဘိဓမ္မာ ပါဠိတော် အရပ်ရပ်တို့တွင်လည်းကောင်း၊ အထူးသဖြင့် ဥပရိပဏ္ဏာသ ဓာတုဝိဘင်္ဂသုတ်၌ လာသော ဝိညာဏ်(၆)ပါး အလုပ်ပြ တရားသည်လည်းကောင်း၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဒိဋ္ဌိဝိသုဒ္ဓိ နိဒ္ဒေသ၌–

> တထောဝံ ပရိဂ္ဂဟိတရူပဿ အရူပမုခ္မွာ ပါကဋ္ဌာ ဟောန္တိ၊ သေယျထိဒံ ဒွေပဉ္စဝိညာဏာနိ တိသော မနော ဓာတုယော အဋ္ဌသဋ္ဌိ မနောဝိညာဏဓာတုယောတိ ဧကာ သီတိ လောကိယစိတ္တာနိ

ဟု ပြသည့်အရ ရှုကြည့်သိမ်းဆည်းရာတွင် ဝိညာဏ် (၆)ပါးသာ စ၍ ပြသည့်အရလည်းကောင်း ထိုဝိညာဏ် ၆–ပါးသည် တရားကကျဉ်း မိမိကိုယ်တွင်းလဲ ဖြစ်မှန်းသိ ခေါ်ဝေါ်ရန်လွယ်ကူသည်ပြင် ၎င်းဝိညာဏ် ၆–ပါး သဘောတရားကို

ဟောကြားပါက သဘောကျ နားလည်လွယ်နိုင်၍ စိတ်ချင်းပင် အတူတူဖြစ်သော်လည်း ယခုစာအုပ်နာမ်အကျဉ်းချုပ် ဝိပဿနာ အလုပ်ကို ပြရာ၌ မဇ္ဈိမပဏ္ဏာသ ပါဠိတော် မဟာတဏှာသင်္ခယ သုတ်၌ ဘုရားရှင် ကိုယ်တော်တိုင် ဟောကြားသော ဝိညာဏ် ၆-ပါး သဘောတရား သက်သက်ကိုသာလျှင် အမြွက်မျှ အားထုတ်တတ်ရန် ပြလိုက်ပါသတည်း။

နာမ်ကမ္မဋ္ဌာန်းကို ပြရာတွင် မြတ်စွာဘုရားသည် ဝိညာဏ်, ဝေဒနာ,ဖဿ၊ ဤ ၃-ပါးသာ ပြတော်မူ၏။ ၎င်း ၃-ပါးသည် နာမ်တရားထဲတွင် ဝိပဿနာအားထုတ် ရှုမှတ်ရာ၌ သဘာဝ တရားပင် ဖြစ်သော်လည်း အလွန်ထင်ရှား သိလွယ်ရှုလွယ်နိုင်၍ ဟောသည်။ ဤအလုပ်ပြစာအုပ်၌ ၃-ပါးလုံး မပြဘဲ ဝိညာဏ် စိတ်တပါးသာ ပြပေအံ့။

အခါတပါး၌ ရှင်တော်မြတ်ဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းတော်မူစဉ် သာတိ အမည် ရှိသော ရဟန်းသည် ဝိညာဏ်စိတ်၏ အကြောင်းကြောင့် ဖြစ်ပုံ ကိုလည်းကောင်း၊ အဖြစ် အပျက် အနိစ္စ အချက်ကိုလည်း ကောင်း မသိမမြင် ရှာသောကြောင့် နိစ္စ,ဓုဝ,သဿတ အယူ မှားဖြင့် စွဲလမ်း ပြောဆိုသည်မှာ စိတ်ဝိညာဏ်သည် တဘဝမှ တဘဝသို့ မပျက်ဘဲ ပြောင်းရွှေ့သွား၏။ ဤသို့ မြတ်စွာဘုရား ဟောသည်ကို ငါသိ၏ဟု သူ၏အယူလွဲ အယူမှားကို အတူနေ ရဟန်းများ ကြား၍ အဖော်ရဟန်းတို့က (ငါ့ရှင် သာတိ) ဤသို့မယူနှင့် မြတ်စွာဘုရားသည် သင်ယူသလို သင်ပြောသလို မဟောချေ။ မိမိမသိဘဲနှင့် ဘုရားကို မပုတ်ခတ် မစွပ်စွဲပါနှင့်ဟု ဆုံးမပြောကြားကြသော်လည်း ထိုသာတိရဟန်းသည် မိမိ၏

အယူမှားကို မစွန့်သည့်ပြင် ငါယူသလို ငါပြောသလို ဘုရားဟောတာ အမှန်ဖြစ်သည်၊ ဘုရား၏ အလိုတော်ကျအတိုင်း ငါ သိပါသည်ဟု အစွဲအလမ်း ခိုင်ခိုင်နှင့် နိုင်အောင်သာ ပြောဆိုနေ၏။

ထိုအခါ ရဟန်းများက ဘုရားလျှောက်၍ ရှင်တော်မြတ်ဘုရားသည် သာတိရဟန်းအား ရှေ့တော်သို့ ခေါ်ပြီးသော် မေးမြန်း စိစစ်တော်မူပုံမှာ (ချစ်သားသာတိ) ထိုစိတ်ဝိညာဏ်သည်ပင်လျှင် တဘဝမှ တဘဝသို့ ပြောင်းသွားကျင်လည်၏ဟု မြတ်စွာဘုရား ဟောကြားသောတရားကို ငါသည် အမှန်သိ၏ဟူ၍ သင့်မှာ ဤသို့ မှားယွင်း ယုတ်ညံ့ သိမ်ဖျင်းသော အယူရှိနေသည်ဟု ဆိုခြင်းကား မှန်သလောဟု မေးမြန်းသောအခါ (သာတိရဟန်းက) မှန်ပါကြောင်း လျှောက်လေလျှင် ဘုရားရှင်က(သာတိ)သင်ပြောဆိုယူဆနေသော ဝိညာဏ်ဆိုသည်ကား အဘယ်နည်း–ဟု မေးပြန်၏။ (မြတ်စွာဘုရား) ပြောဆိုတတ်သော သဘော သိတတ်သော သဘော ကုသိုလ် အကုသိုလ်၏ အကျိုးကို ခံစား စံစားတတ်သော သဘောသည် ဝိညာဏ်ဖြစ်ပါသည်ဟု သူ၏အယူအတိုင်း လျှောက်လေ၏။

ထိုအခါတွင် ဘုရားရှင်က မဂ်ဖိုလ်မှ အချည်းနှီး ဖြစ်သောယောက်ျား ငါဘုရားသည် ဘယ်ပုဂ္ဂိုလ်အား သင်ယူသလို သင်လျှောက်သလို ဟောဘူးပါသနည်း၊ ဝိညာဏ်သည် အကြောင်းကို စွဲ၍သာ ဖြစ်၏၊ ဝိညာဏ်သည် အကြောင်းကြောင့်သာဖြစ်၏။ အကြောင်းမရှိဘဲနှင့် ဝိညာဏ်သည် မဖြစ်နိုင်ဟူ၍သာလျှင် ငါဘုရားသည် များစွာသော ဒေသနာတို့တွင် ဟောကြားပေသည်။

မဂ်ဖိုလ်မှ အချည်းနှီး ဖြစ်သော ယောကျ်ား ထိုသို့သော ဟောပါလျက်နှင့် သင်သည် ဝိညာဏ်၏သဘော ဝိညာဏ်၏ ဖြစ်ပုံ ပျက်ပုံတို့ကို ဟုတ်မှန်စွာ မသိပါဘဲ အယူလွဲမှားပြီး ငါဘုရားကိုလဲ စွပ်စွဲသေး၏။ မိမိကိုယ်လဲ ဖျက်ဆီး၏။ များစွာသော မကောင်းမှုကိုလဲ ဖြစ်ပွားစေသေး၏။ သင်သည် ထိုအမှားကို စွဲယူနေခြင်းကြောင့် ရှည်ကြာစွာသော ကာလပတ်လုံး အကျိုးစီးပွားမဲ့ခြင်းငှာ ဆင်းရဲခြင်းငှာသာလျှင် ဖြစ်ပေတော့မည်။

အိုချစ်သား ရဟန်းများတို့ ဝိညာဏ်သည် အကြောင်းကို သာလျှင် စွဲ၍ဖြစ်၏။ ဝိညာဏ်သည် အကြောင်းကြောင့်သာလျှင် ဖြစ်၏။ အကြောင်းနှင့် မကင်းမူ၍သာ ဖြစ်၏။ အကြောင်း မရှိဘဲ ဝိညာဏ်မဖြစ် ဟူ၍သာလျှင် များစွာသောဒေသနာတို့၌ ငါဘုရား ဟောကြားတော်မူခဲ့လေပြီ။

အိုချစ်သား ရဟန်း များတို့ အကြင် အကြင် သို့သော အကြောင်းကိုသာလျှင် စွဲ၍ သိမှုဝိညာဏ် ဖြစ်ပေါ် လာ၏။ ထိုထို အကြောင်းဖြင့် သာလျှင် ဝိညာဏ်ဟု ခေါ်ခြင်းသို့ ရောက်၏။

၁။ မျက်စိနှင့် အဆင်းကိုစွဲ၍ သိမှုဝိညာဏ် ဖြစ်ပေါ်လာ၏။ မျက်စိသိ (ဝါ) မြင်သိ ဟူ၍သာလျှင် ခေါ်ခြင်းသို့ ရောက်၏။

၂။ နားနှင့် အသံကိုစွဲ၍ သိမှုဝိညာဏ် ဖြစ်ပေါ် လာ၏။ နားသိ (ဝါ) ကြားသိ ဟူ၍သာလျှင် ခေါ်ခြင်းသို့ ရောက်၏။

၃။ နှာခေါင်းနှင့် အနံ့ကိုစွဲ၍ သိမှုဝိညာဏ် ဖြစ်ပေါ်လာ၏။ နှာခေါင်းသိ (ဝါ) နံသိ ဟူ၍သာလျှင် ခေါ်ခြင်းသို့ ရောက်၏။

၄။ လျှာနှင့် အရသာကိုစွဲ၍ သိမှုဝိညာဏ် ဖြစ်ပေါ်လာ၏။ လျှာသိ (ဝါ) စားသိဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

၅။ ကိုယ်နှင့် အတွေ့အထိကိုစွဲ၍ သိမှုဝိညာဏ် ဖြစ်ပေါ် လာ၏။ ကိုယ်သိ (ဝါ) တွေ့သိဟူ၍သာလျှင် ခေါ်ဝေါ် ခြင်းသို့ ရောက်၏။

၆။ အာဝဇ္ဇန်းနှင့်တကွသော ဘဝင်စိတ်များနှင့် သဘာဝ ဓမ္မ ပညတ္တိဓမ္မ အာရုံကိုစွဲ၍ သိမှုဝိညာဏ် ဖြစ်ပေါ် လာ၏။ ကြံသိ၊ တွေးသိစိတ် ဟူ၍သာလျှင် ခေါ်ဝေါ် ခြင်းသို့ ရောက်၏။

အိုချစ်သား ရဟန်းများတို့ ထင်ရှားစွာ သိနိုင်အောင် ဥပမာ ဆောင်၍ ပြရသော်–

အကြောင်းအကြောင်း သို့သော ဝတ္ထုကိုစွဲ၍ မီးသည် တောက် လောင်နေ၏။ ထိုထို စွဲရာ ဝတ္ထုအားဖြင့်သာလျှင် မီး၏အမည် သည် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

(က) ထင်းကိုစွဲ၍ မီးတောက်လောင်လျှင် ထင်းမီးဟူ၍ သာ ခေါ်၏။

(ခ) ဝါးကိုစွဲ၍ မီးတောက်လောင်လျှင် ဝါးမီးဟူ၍သာ ခေါ်၏။

(ဂ) မြက်ကိုစွဲ၍ မီးတောက်လောင်လျှင် မြက်မီးဟူ၍သာ ခေါ်၏။

(ဃ) နွားချေးကိုစွဲ၍ မီးတောက်လောင်လျှင် နွားချေးမီး ဟူ၍သာ ခေါ်၏။

(င) ဖွဲကိုစွဲ၍ မီးတောက်လောင်လျှင် ဖွဲမီး ဟူ၍သာ ခေါ်၏။

(စ) အမှိုက်ကိုစွဲ၍ မီးတောက်လောင်လျှင် အမှိုက်မီးဟူ၍ သာ ခေါ်၏။

ဤအထက်ပါ (၆) ပါးသော မီးဥပမာတို့၏ အဓိပ္ပါယ်မှာ ထင်းကိုစွဲ၍ လောင်သော မီးသည် စွဲရာထင်းနှင့်စပ်၍ ထင်းမီး အမည်သာ ခေါ်ပုံ၊ ထင်းရှိသမျှသာ မီးတောက်လောင်ပုံ ဤ ၂-ချက်ကို သိရန်ပြတော်မူ၏။ တပါးသော ဝါးမီးအစရှိသော အမည်ဟု မခေါ်ပုံ၊ လောင်စရာ ထင်းမရှိက မီးငြိမ်းပျောက်ပုံ ကို ဥပမာတွင် သိလိုရင်းဖြစ်၏။ ဤအချက်ကို မြဲမြဲမှတ်ထားပါ။

ထို့အတူ ဥပမေယျ၌ မျက်စိနှင့် အဆင်း အကြောင်းကိုစွဲ၍ မြင်သောစိတ်ကို မြင်သိစိတ်ဟူ၍သာ ခေါ်ပုံနှင့်၊ ထိုအကြောင်း နှစ်ပါး ထင်ရှားရှိဆဲ၌သာလျှင် မီးနှင့်တူသော အကျိုးဝိညာဏ် ဖြစ်နေပုံ၊ ထိုအကြောင်းများ မရှိက မြင်သိစိတ်ဝိညာဏ် ကွယ် ပျောက် သွားပုံ၊ ဤ ၂-ချက်ကို ကြပ်ကြပ်ကြီး စဉ်းစားပါ၊ နာနာမြဲမြဲ စွဲအောင် မှတ်ထားပါ။

ဤသို့လျှင် ရှင်တော်ဘုရားသည် ယခုဘဝ ဖြစ်ဆဲခဏ၌ပင် လျှင် ဝိညာဏ်(၆)ပါး စိတ်တရားတို့မှာ တဒ္ဒါရ၌ ဖြစ်သောစိတ်

သည် တဒ္ဒါရသို့ပင် ကူးပြောင်း၍ မဖြစ်နိုင်ပုံကို ပြတော်မူသဖြင့် သာတိရဟန်း ယူမှားသကဲ့သို့ ထိုစိတ်ဝိညာဏ် တရားသည် အဘယ်မှာလျှင် သေပြီးသည်နောက် ဘဝတပါးသို့ မပျက်ဘဲ ပြောင်း၍ ဖြစ်နိုင်ပါတော့အံ့နည်း၊ စုတိပြီးနောက်(ဝါ)သေပြီး နောက် ဘဝတပါးသို့ရောက်သည်အထိ မပျက်ဘဲမပါနိုင် မလိုက် နိုင်ရုံတွင်မကချေ၊ မသေမီဖြစ်ဆဲ ပစ္စုပ္ပန် ဘဝထဲ၌လဲ တကာလမှ တကာလသို့ တခဏမှ တခဏသို့ တဒေသမှ တဒေသသို့ ဣရိယာ ပုထ်တပါးမှ ဣရိယာပုထ်တပါးသို့ မပျက်ဘဲ ခိုင်မြဲ၍ ပြောင်း ရွှေ့နိုင်သော စိတ်မည်သည် မရှိချေ။ အကြင်အကြင် သို့သော ခဏ ကာလ ဒေသ ဣရိယာပုထ်တို့၌ ဖြစ်ကြကုန်သော စိတ်တို့ သည် ထိုထိုဖြစ်ရာ ကာလ ခဏ ဒေသ ဣရိယာပုထ်တို့၌သာ လျှင် ပျက်ကြ၏။ ကုန်ခြင်းသို့ ရောက်ကြ၏။ ဤသို့သော ဝိပဿနာဉာဏ်အတွက် အနိစ္စအချက်ကြီးကို သိသာထင်ရှား အောင် ဟောကြားတော်မူသည်ဟု ရင်းသုတ်အဋ္ဌကထာတွင် သေချာစွာ ဖွင့်ပြတော်မူပေ၏။ ဤသုတ္တန်၌လာသော သာတိ ရဟန်းမှာ သုတ္တန်ဒေသနာ ဇာတ်တော်လာသည့် အကောင် အထည် ဒြပ်နှင့်စပ်သော ပညတ်တို့ကိုသာ အကြား အသိ များစွာရှိနေ၍ ဇာတ်တော်ပေါင်းသောအခါ၌လဲ-

ထိုအခါက ငါဘုရားသည် ဝေဿန္တရာမင်းကြီး ဖြစ်ဘူးပြီ၊ မဟောသဓာ ဖြစ်ဘူးပြီ၊ မဟာဇနကမင်းကြီး ဖြစ်ဘူးပြီ၊ ယခု အခါ ငါဘုရား ဖြစ်လာ၏။ ဟူသော ဇာတ်တော် ဒေသနာ သုတ္တန်အလာကိုသာလျှင် နားလယ်သိကြား ဗဟုသုတများ သော ပုဂ္ဂိုလ်ဖြစ်၍ နာမပညတ်နှင့် ရုပ်အထည် ဒြပ်တို့သာလျှင် အမျိုးမျိုး ပြောင်းလဲကြသည်၊ စိတ်ဝိညာဏ်မှာကား တပါး

တည်းသာမြဲ၍ အပြောင်းအလဲမရှိဟု ယူမှား ပြောဆိုခြင်း ဖြစ်သတည်း။

သာတိရဟန်း ယူမှားသကဲ့သို့ ထိုစိတ်သည် သံသရာ အစဉ် အဆက် မပျက်ဘဲ မြဲနေသည်ကား မဟုတ်ချေ။ ဖြစ်ပျက်အစဉ် အနန္တရပစ္စည်း အကြောင်းအကျိုး နည်းအားဖြင့်သာလျှင် ဆက်နေပေသည်။ စိတ်အစဉ် အဆက် ဖြစ်ပျက်နေပုံ အချက်ကို သိသာအောင် ပြဆိုဦးအံ့။

အစမထင်သော သံသရာတွင် ကျင်လည် ပြောင်းသွား၍ နေသော တယောက်သော သတ္တဝါ၌ ရုပ်တပါး နာမ်တပါး ဟူ၍ မုချအားဖြင့် နှစ်ပါးသာ ရှိသတည်း။ ထိုရုပ်နာမ်မှ တပါး သော အတ္တ ဇီဝ မည်သည် ကေန်မရှိ၊ အလျဉ်းမရှိ၊ စင်စင်ကြီး ကင်းလှ၏။ ထိုရုပ်နာမ် နှစ်ပါးလုံးသည် အပါယ်လေးဘုံ လူ့ဘုံ နတ်ပြည်ခြောက်ဘုံ ဗြဟ္မာ(၁၄)ဘုံအားဖြင့် ၂၆-ဘုံသည် ခန္ဓာ ၅-ပါး အပြည့်အစုံ ရရှိကြသော ပဉ္စဝေါကာရဘုံ၌ ဖြစ်ကြ သောအခါ ရုပ်နာမ် ၂-ပါးလုံး အပြည့်အစုံရှိ၏။ ထို ၂-မျိုး လုံးကိုပင် အမည်ပညတ်တင်၍ သတ္တဝါတယောက်ဟု ခေါ်၏။ ဧကဝေါကာရဘုံ၌ ဖြစ်နေခိုက်တွင် ရုပ်တပါးသာ ရှိ၏။

ထိုရုပ်တပါးကိုပင် သတ္တဝါတယောက်ဟု ခေါ်၏။ အရူပ လေးဘုံ၌ ဖြစ်နေခိုက်တွင် နာမ်တပါးသာရှိ၏။ ထိုနာမ်ကိုပင် သတ္တဝါတယောက်ဟု ခေါ်၏။ ထိုထိုသို့သော ဘုံဘဝတို့၌ ဖြစ်ကြရာဝယ် ရုပ်နာမ်တရား တို့သည် အနိစ္စဓမ္မမျိုး ဖြစ်၍ သေချိန် ရောက်က သမ္မုတိမရဏ အားဖြင့် သေဆုံးသည် ရှိသော် ရုပ်သည် အစဉ်အဆက် ပြတ်လေ၏။ (ပြတ်ဆိုသော် လည်း နောင်တွင်မဖြစ်ဘဲ တခါတည်း မြတ်၏ဟု ယူမှားသော

ဥစ္စေဒဒိဋ္ဌိ ပြတ်မျိုးကား မမှတ်လေနှင့်)။ နောက်ဘဝတွင် ဖြစ်မည့် ပဋိသန္ဓေ ရုပ်နှင့် အကြောင်း အကျိုး စပ်ရိုး ဆက်ရိုး မရှိသည်ကို ပြတ်သည်ဟု ဆိုသတည်း။

နာမ်စိတ်မျိုးတို့၏ ဖြစ်ရိုးဓမ္မတာ အစဉ်အလာမှာမူ အပြတ် အကြား အခြားဟူ၍ ဘယ်စိတ်မှမရှိ၊ ပဝတ္တိအခါ(ဝါ)မသေခင် အခါကို မဆိုထားဘိ စုတိစိတ် ခေါ်သော ဖြစ်ဆဲဘဝ၏ နောက်ဆုံးစိတ်နှင့် နောက်ဘဝ၏ အစဆုံး ပဋိသန္ဓေစိတ်တို့သည် ပင်လျှင် အကြောင်း အကျိုး အနန္တရပစ္စည်းမျိုး ဖြစ်၍ ဆက် လေ၏။ နာမ်စိတ်အစဉ်ကား သံသရာမဆုံးသမျှ ပြတ်ရိုးထုံးစံ မရှိချေ။

ရုပ်မဆက်ဘဲ စိတ်သာလျှင် ဆက်ပုံဟု အင်္ဂုတ္တရပါဠိတော် ဒသကနိပါတ် ကရဇကာယဝဂ်မှ ဘုရားမိန့်မြွက်ပုံကို ထုတ် ဆောင်၍ ရှင်းအောင် ပြဦးအံ့။

(ဣတ္ထိယာ ဝါ ပုရိသဿ ဝါ နာယံ ကာယော အာဒါယ ဂမနိယော စိတ္တန္တရောယံ ဘိက္ခဝေ မစ္စော)။

ယင်းပါဠိအတွက် လိုရင်း မြန်မာပြန်ချက်မှာ ချစ်သား ရဟန်းတို့ လောကကြီးတွင် ဖြစ်ပေါ်လာကြသော ယောကျ်ား မိန်းမ ဟူဟူသမျှတို့၏ ရူပကာယခေါ်ဆို ဤကိုယ်ကြီးကို စုတိစိတ်ကျလျှင် (ဝါ) သေလျှင် ဘဝတပါးသို့ ယူဆောင်၍ မသွားနိုင်၊ သတ္တဝါတို့သည် စိတ်သာလျှင် အစဉ်အဆက် မပြတ်ဘဲ (ဖြစ်၍ပျက်-ပျက်၍ ဖြစ်လေ၏)။ ၎င်းအဋ္ဌကထာ ဖွင့်ပြရာ အဓိပ္ပါယ်ကား စိတ်သည်သာလျှင် သံသရာမပြတ်

မတုန်းသမျှ အဆုံးမရှိ အပြတ်အခြားမရှိ ဆက်၍ ဖြစ်လေ၏။ ဘာဝတွင် သတ္တဝါတယောက် ဖြစ်လာလျှင် စုတိစိတ် ဖြစ်၍ သေရ၏။ ထိုစုတိစိတ်နှင့် ဆက်၍ ပဋိသန္ဓေခေါ်သော စိတ်သည် ဖြစ်၏။ ထိုစိတ်ဖြစ်သည်နှင့် တပြိုင်နက် နတ်အဖြစ်သို့ ရောက်၏။ လူအဖြစ်သို့ရောက်၏၊ ငရဲအဖြစ်သို့ရောက်၏၊ တိရစ္ဆာန်အဖြစ်သို့ ရောက်၏။ အဘိသင်္ခါရ ဝိညာဏ်ခေါ်သော ထိုပဋိသန္ဓေစိတ်မှာ ကောင်းရာ မကောင်းရာ ဖြစ်မှုသာ ကွာ၏၊ မတူ၏။ စိတ်ဖြစ်ခြင်းနှင့်ဆက်စပ်၍ ဖြစ်ခြင်း က အတူတူပင်မှတ်။

ဤနေရာ၌ နတ် လူ ငရဲ တိရစ္ဆာန်ဟု ပညတ် နယ်က ဖြစ်လာပုံကို အဋ္ဌကထာ ဖွင့်ပြခြင်းသည် သိသာထင်ရှားအောင်သာ ပြတော်မူ၏။ ဘုရား ဟောလိုရင်းမှာ စိတ်အစဉ် အဆက် မပြတ်ပုံသာတည်း။ အယုတ် အလတ် အမြတ်များ တောင်း ကောင်းမကောင်း ဖြစ်မှုနယ် အသွယ်သွယ် အစားစား တို့မှာကား (ကမ္မဝိပါကော အစိန္တိယျော) ဟောသည့် အရ မကြံအပ်ဘွယ် ဘုရားဉာဏ်တော်မှ တပါးသော သူတို့၏ ဉာဏ်နှင့် ထောက်၍ မမှီနိုင်သောနယ် အလွန်ပင် နက်လှ ကျယ်လှပေသတည်း။

ဤနေရာတွင် အသညသတ်ဘုံ၌ ဖြစ်သောအခါနှင့် နိရောဓသမာပတ်ဝင်စားသော အခါတို့၌ ရုပ်တပါးသာလျှင် အဆက်မပြတ် ဖြစ်နေ၍ စိတ်သည် ထိုအခါ၌ မဖြစ်သောကြောင့် စိတ်အစဉ် မပြတ်ပြီလောဟု မေးငြားအံ့၊ စိတ်မရှိ စိတ်မဖြစ်သော ကာလ၌ ဖြစ်နေသော ရုပ်တို့သည် စိတ်ကို အဆက်ပြတ်အောင် ခြားနားအောင် မပြုနိုင်ပေ။ အကျဉ်းနှင့်သိလေဟု ဖြေပါ။ ထို စိတ်အစဉ် အဆက်တို့၌ တဘဝမှ တဘဝသို့ ကူးပြောင်း စဉ်လာ

ကျင်လည်ရာတွင် ဉာဏ်မမြင်က သေလျှင်မပျက်ဘဲ ဆက်၏ဟု ယူမှားသော သဿတဒိဋ္ဌိ၊ သေလျှင် မဆက်စပ်ဘဲ ပြတ်၏ဟု ယူမှားသော ဥစ္ဆေဒဒိဋ္ဌိ၊ ဤအမှားတွေ စွဲငြိနိုင်၍ ဉာဏ်အမြင် မရှုပ်ရလေအောင် ကျမ်းဂန်တို့၌ ထုတ်ပြသော ပဲ့တင်သံနှင့် မီးလျှံ တံဆိပ် မှန်ရိပ် မျိုးစေ့ ကြေးချေး စာသင် ဤ ၇-ပါး သော ဥပမာ အစဉ်တို့ဖြင့် ထင်မြင်အောင် ပြကြကုန်၏။ (ထို ၇-ပါးတို့အနက်)ပဲ့တင်သံ ဥပမာ သိစရာကား နက်လှစွာသော ဥမင်လိုဏ်ကြီး၏ အပေါက်ဝ၌ ရပ်၍ ကျယ်စွာသော အသံဖြင့် အော်လိုက်ရာ လိုဏ်ကြီးထဲမှ အသံပြန်၍ ပေါ်လာ၏။ ထိုသို့ အသံပြန် ပေါ်လာရာ၌ လူ၏နှုတ်မှ ထွက်လာသော အသံသည် လိုဏ်ဂူထဲသို့ မသွား မရောက်ချေ။ ဖြစ်ပေါ်ရာ နှုတ်ဝ၌သာလျှင် ချုပ်ကြ ပျောက်ကြ လေ၏။ လိုဏ်ဂူကြီးထဲမှ ထွက်လာ ဖြစ်ပေါ် လာသော ပဲ့တင်အသံသည်လည်း ပဌမအော်လိုက်သော အသံ နှင့် ကင်း၍ အလျဉ်းပင် မဖြစ်နိုင်ချေ။ ပဌမ အသံကြောင့်ပင် ဖြစ်လာ၏။

ပဌမအသံနှင့် အတိတ်ကံ တူ၏။ ပဲ့တင်သံနှင့် နောက်ဘဝ အစပဋိသန္ဓေ ဝိညာဏ်စိတ် တူပုံကို နည်းယူ၍ စိတ်တွေ ဆက် စပ်ဟန်ကို ဉာဏ်ဝင်စားပြီး ကွဲပြားအောင် သိလေ။

ဤဥပမာ၌ တိုက်ရိုက်မချ ပြပုံအရမှာ ကံနှင့်အကျိုးကို ဆိုသော်လည်း ရှေ့စိတ်နှင့် နောက်စိတ် ဆက်စပ်ပုံ အကြောင်း အကျိုးဖြစ်ပုံ မတူပုံ ဤသုံးချက်ကို အထက်ပါ ဥပမာမှီး၍ ဉာဏ်ကြီးသိသာရန် ပြလိုက်ပါသည်။ ကြွင်းသော ဥပမာ ၆-ပါး ၌လည်း ပြပြီးသော ဥပမာနှင့်ယှဉ်၍ ယူပါသိပါ။ ဆိုလိုသည် ကား စိတ်ဖြစ်ပုံမှာ အကြောင်းအကျိုးလဲ့ဖြစ် ပြတ်လဲမပြတ်

တူလဲမတူဟု ယူပါ။ ဤနေရာတွင် ပဋိစ္စသမုပ္ပါဒ်လာ ကေတ္တနည်း ကြောင်းကျိုးမပျက် တဆက်တည်း ဖြစ်ပုံ၊ နာနတ္တနည်း ရှေ့ နောက်ကွဲပြား တခြားစီဖြစ်ပုံ၊ ဤနည်း ၂-ပါး သိကြား နားလည်က တဘဝမှ တဘဝကူးသော ဘဝကူးအခါ ဖြစ်တတ် စွဲမှားတတ်သည့် ပြတ်မှား ဥစ္ဆေဒ၊ ဆက်မှား သဿတ၊ ဤ ၂-ပါးသော ဒိဋ္ဌိအယူမှ ဖြူစင်လွတ်ကင်း ညာဏ်အမြင်လင်း၍ ငါအစွဲရှင်းမည် မှတ်လေ။ ဘဝကူး အခါဟု ဝိသေသဆိုသော်လဲ ဘဝမကူးခင် အသက်ရှိစဉ်၌ပင် ဤအယူ ၂-ပါး အမြဲ မှားကြ သည်သာတည်း၊ ဝိပဿနာတရား မသိသော အပြစ်သည် ကြီးလှ ပါဘိ၊ ကြောက်ဘွယ်လိလိကြီး ပါတကား။

ရုပ်နာမ် ၂-ပါးတို့အနက် ရုပ်တရားတို့၏ အဖြစ်အပျက် ပြောင်းလဲသည့် အချက်ကို သိရန်ထက် ဝိညာဏ်စိတ်၏ အဖြစ် အပျက် ပြောင်းလဲသည့်အချက်ကို သိဘို့ရန် အလွန် နက်နဲ ခက်ခဲ ပုံကို နိဒါနဝဂ္ဂသံယုတ် မဟာဝဂ် အဿုတဝါသုတ်၌ ချစ်သားတို့ ရူပကာယ ခေါ်ဆို ဤကိုယ်ကြီး၏ ဘေးအပြစ်သည်ကား (ဝ)ခြင်း (ပိန်)ခြင်း (မွေးခြင်း) (သေခြင်း) ဤလေးမျိုးတို့ဖြင့် လောကကြီးတွင် အလွန်ပင် ထင်ရှားသိသာလှပေ၏။ ထို့ကြောင့် ရုပ်၏အပြစ်ကို မြင်ပြီးလျှင် ငြီးငွေ့ကြောက်လန့်ဘို့ အရေးမှာ လွယ်သေး၏။ ကြည့်လျှင် ထင်ရှားလှပေ၏။ စိတ်ဝိညာဏ်ခေါ် သော နာမ်တရား၏ အပြောင်းအလဲ အဖြစ်အပျက် အနိစ္စ အချက်တွေ ရှိသော်လဲ၊ ရုပ်တရားလို မထင်ရှား၍ မသိနိုင်ကြ သောကြောင့် စိတ်အပေါ်၌ အပြစ်မမြင်ကြ၊ မကြောက်လန့် နိုင်ကြ၊ မငြီးငွေ့နိုင်ကြ၍ စိတ်တရားအပေါ်တွင် အကြားအမြင် နည်းပါး အစွဲအလမ်းကြီးမား ပုထုဇဉ်များသည် ငါဟူသော

ထင်မှားစွဲလမ်းနေသည့် ဒိဋ္ဌိဘေးကြီးက အမြဲတိစီး လွှမ်းမိုး နှိပ်စက်၍သာ နေရလေ၏ဟု ဟောသောကြောင့် နာမ်စိတ် ဝိညာဏ်သည် ရုပ်တရားထက် ဝိပဿနာရှုရန်အချက်သည် အလွန် နက်လှ ခက်လှ ပေသည်။

ဝိညာဏ် (၆) ပါးရှိရာတွင်

၁။ စက္ခုဝိညာဏ် – မျက်စိကို မှီ၍ ဖြစ်သောစိတ်။
၂။ သောတဝိညာဏ်– နားကို မှီ၍ ဖြစ်သောစိတ်။
၃။ ဃာနဝိညာဏ် – နှာခေါင်းကို မှီ၍ ဖြစ်သောစိတ်။
၄။ ဇိဝှါဝိညာဏ် – လျှာကို မှီ၍ ဖြစ်သောစိတ်။
၅။ ကာယဝိညာဏ် – ကိုယ်ကာယကိုမှီ၍ ဖြစ်သောစိတ်။
၆။ မနောဝိညာဏ် – ဟဒယဝတ္ထုရုပ်ကိုမှီ၍ဖြစ်သောစိတ်။

ဤစိတ်အစဉ် (၆) မျိုးတို့ကို ခွဲခြား၍သာလျှင် ရှုမှတ်ရာ၏။ မျက်စိတလှစ်၊ သိန်းဖြစ်ကုဋေ၊ အသေအချပ်၊ အဟုတ်မြန်ပေ၊ ဖြစ်နေ၍ တစိတ်ချင်းကား ရှုကြည့်၍ မဖြစ်နိုင်ဟု မှတ်လေ။ ဝိပဿနာဉာဏ် ဆိုသည်မှာ သဘာဝဆဘ်ဆတ် ပရမတ်၏ အဖြစ်အပျက်ကို သိလျှင် တစိတ်ဖြစ်ဖြစ် စိတ်အများဖြစ်ဖြစ် တရားအစစ်သို့ ဉာဏ်ဆိုက်ပြီဟုသိ။

ဝိညာဏ်နာမ် ပရမတ်၏ သဘာဝဆတ်ဆတ်နှင့် အပျက်ကို ရှုနည်း အကျဉ်းချုပ် အလုပ်လုပ်ရန်မှာ မြင်–ကြား–နံ–လျက်– တွေ့–ကြံ–ချက် ဟူသော ဝိညာဏ်စိတ်၏ အထက်နားက ပြခဲ့ ပြီးသော သဘာဝလက္ခဏာ အရင်းကို သုတမယ ဉာဏ်နှင့် ဆရာကောင်းများထံမှ အမှန်ကို ကြားသိပြီးသော ယောဂီသည် မြင်လာလျှင် မျက်စိရုပ်နှင့် အဆင်းရုပ်က မြင်တာမဟုတ်၊ စိတ်

က မြင်သည်၊ မြင်တာ စိတ်၊ စိတ်စိတ်ဟု စူးစိုက်၍ရှု၊ ရုပ်နှင့် စိတ်ဉာဏ်ထဲတွင် ခြားနားသွားအောင် ရှု၊ ကြားလျှင် နားနှင့် အသံ ရုပ်က ကြားတာ မဟုတ်၊ စိတ်ကသာ ကြားသည်။ ကြားတာ စိတ်၊ စိတ်စိတ်ဟု ရှု။ နံလျှင်–မွှေးလျှင်၊ နှာခေါင်း ရုပ်နှင့် အနံ့ရုပ်က နံတာ မွှေးတာ မဟုတ်၊ စိတ်ကသာ နံသည်၊ စိတ်သာ မွှေးသည်၊ နံတာ မွှေးတာ စိတ်စိတ်ဟု ရှု။ အရသာ သိလာလျှင် လျှာရုပ်နှင့် အရသာရုပ်က သိတာမဟုတ်၊ စိတ်က သိသည်၊ သိတာစိတ်–စိတ်ဟုရှု။

အပူ အေး အကြမ်း အနူး တွေ့ တွေ့ထိလာလျှင် ကိုယ် ကာယ ရုပ်ကြီးနှင့် ပစ္စည်း ဝတ္ထု ရုပ်အစုတွေက သိတာမဟုတ်၊ စိတ်က သိသည်၊ သိတာ စိတ်စိတ်ဟုရှု။ ကြံစည်စိတ်ကူး မှုတွေ ရှိလာလျှင် စိတ်ဟုရှု။ ဤသို့ အထပ်ထပ် ရှုမှတ်နေသော် ဒွါရ အာရုံ ရုပ်တရား တွေနှင့် ဝိညာဏ်အသိ သဘောတို့ မရောမရှက် အကြောင်းကြောင့် ဖြစ်သော စိတ်သက်သက် သဘာဝနှင့် ပျက်သော အနိစ္စအချက်ဟု မုချပင် သိမြင်၍ လာပေလိမ့်မည်။

ဆဓာတုဝိညာဏောသု အဝယဝဝိညာဏာသု ဝိညာဏ သဘာဝေနစ ဥဒယဝယဝသေန အနုအနုပဿနာ။

ဤကား ဝိညာဏ် ၆–ပါး၌ တစိတ်စီ တစိတ်စီကိုခွဲ၍ ရှုရန် နှင့် စိတ်သဘောနှင့် ပြစ်ပျက်သိအောင် ရှုပုံကို ဋီကာအရ ဖော်ပြလိုက်ပေသတည်း။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟ ဇာတပစ္စယေန ပစ္စယော။

ရုပ်ကို ဖြစ်စေတတ်သော နာမက္ခန္ဓာတို့က စိတ္တဇရုပ်တို့အား သဟဇာတသတ္တိဖြင့် ပဋ္ဌာန်းတရားတော်အတိုင်း အကြောင်းနှင့် အကျိုးတရားမျိုး တို့သည် ညီတူညီမျှ အတူတကွ ဖြစ်ပုံအရ လည်းကောင်း၊ ထိုစိတ်ဝိညာဏ်သည် အကြောင်း ပစ္စည်းနှင့် အတူတကွ ဖြစ်သောကြောင့် သပစ္စယတရားမည်၏။အကြောင်း နှင့် အတူတကွ ဖြစ်သည်ဆိုတာကို ဆင်ခြင်စဉ်းစား အထူး သတိထား၍ မှတ်။ များသောအားဖြင့် အကြောင်းကြောင့် ဖြစ်သည်ဆိုသော စကားမှာ သဘောကျတာ များကြ၏။ သို့သော် အကြောင်းက အရင်စဖြစ်ပြီး အကျိုးက နောက်မှ ဖြစ်သလိုလို ထင်တတ်၏။မထင်နှင့်၊ ဤသို့မဟုတ် အကြောင်း ရှိသမျှ အကျိုးဖြစ်နေသည်။ အကြောင်းများလျှင် အကျိုး များ၏။ အကြောင်းနည်းလျှင် အကျိုးနည်း၏။ အထက်နားက ပြခဲ့သော မဟာတကာ သခ်ယသုတ်လာ ထင်းရှိသမျှ မီး လောင်ပုံ ဥပမာကို ကြပ်ကြပ် မှတ်ထားပါ။ အကြောင်းရှိမှ ဖြစ်ပုံ အကြောင်းမရှိက မဖြစ်ပုံကို သိမြင်လျှင် (အဝသဝတ္တိ) ငါ၏အလို မလိုက်ဟူသော အနတ္တလက္ခဏာနှင့် (အဗျာပါရ) ငါ၏ အစွမ်းသတ္တိနှင့် ထိုထိုအမှုကိစ္စစုကို ပြုနိုင်သည်၊ ပြုနေ သည်ဟု ထင်မှားသော (ဗျာပါရအတ္တ) ၏ ဆန့်ကျင်ဘက် အနတ္တလက္ခဏာ တို့သည် သိပြီးသား ဖြစ်လေတော့၏။ ၎င်း ၂-ပါးသည် အနတ္တထင်မြင်မှု၌ လိုရင်းတည်း။ အဘယ့်ကြောင့် ဆိုသော် ထိုင်ခြင်း,ထခြင်း,သွားခြင်း,လာခြင်း စသော ဣြယာ ပိကရုပ် အမူအရာ တို့သည်လည်းကောင်း၊ ကွေးခြင်း, ဆန့် ခြင်း,ရှုခြင်း,ရှိုက်ခြင်း,မျက်တောင် ခတ်ခြင်း စသော သုခုမရုပ် အမူအရာတို့သည်လည်းကောင်း၊ မြင်ခြင်း,ကြားခြင်း, ကြံခြင်း

အစရှိသော သင်္ခါရမနာမ် အမှုအရာ တို့သည်လည်းကောင်း၊ ထိုထိုရုပ်နာမ်အမှုအရာတို့၏ ဖြစ်စေရန်မှာ မိမိလည်းကောင်း၊ တစုံတယောက်၏ လည်းကောင်း ပြုလုပ်ဘွယ်ရာ ကြောင့်ကြ စိုက်စရာ ကိစ္စ ဘာမျှမရှိ (အတိုချုပ်မှာ) ဖြစ်အောင် ပြုစရာလဲ မရှိ၊ မဖြစ်အောင် ပြုစရာလဲ မရှိ၊ မိမိ၏ အလိုဆန္ဒနှင့် စပ်၍ ဖြစ်ခြင်း လုံးလုံးမရှိ၊ သူ့တပါး တည်းဟူသော အကြောင်း ပစ္စည်း အမှန် ရုပ်နာမ်နှင့်သာစပ်၍ အကျိုးရုပ်နာမ်တွေ ဖြစ်နေ ကြလေသည်။ဤသည်မှာ အဗျာပါရမည်၏၊ အဝသဝတ္တိမည်၏။ ၎င်း ၂-ပါးသည် ငါတည်းဟူသော အတ္တမှ ကင်းသုဉ်း လေ သောကြောင့် သုညတလက္ခဏာ မည်သတည်း။

ထိုမှတပါး ထိုစိတ်ဝိညာဏ်သည် ဖြစ်ပြီးသည့်နောက် ချုပ် ပျောက်မြဲ ဖြစ်၍ အခါခပ်သိမ်း ကိုယ်ကာယထဲမှာ အစဉ်အမြဲ မရှိလေသောကြောင့် အသဿတတရား မည်၏။ အသဿတ ဆိုသည် အနိစ္စပင်တည်း။ထိုဝိညာဏ်၏ အနိစ္စဖြစ်ပုံကို အောက် ပါ ဘုရားဟောခဲ့သော လျှပ်စစ်ဥပမာကို ရှုလေ။

မဲမှောင်နေသော အာကာသ ကောင်းကင်တွင် ဝင်းကနဲ့ ဝင်းကနဲ ဖြစ်ပေါ်လာသော လျှပ်စစ်ရောင်သည် မဖြစ်ခင်ကလဲ ထိုလျှပ်စစ်ရောင် မရှိနှင့်၊ လျှပ်စစ် ဖြစ်လိုက်သော အခါသာ အဝင်းရောင် အလင်းရောင် ပေါ်လာ၏။ အထင်အရှား မျက်စိ အမြင်ရှိသော သူများမြင်ကြ၏။ ထိုလျှပ်စစ်ရောင်သည် ဖြစ်ပြီး သည်နောက် ချက်ချင်းပင် ကွယ်ပျောက်သွား၏။

(ဤဥပမာတွင်) မဖြစ်ခင်က ထိုအရောင်မရှိသည်တချက်၊ ဖြစ်ဆဲ၌သာ ထိုအရောင် ထင်ရှားစွာ ဖြစ်ပေါ်လာပုံတချက်နှင့်

ကြည့်သူများမှာသာ ထင်ရှားစွာ မြင်ရတာတချက်၊ ထိုလျှပ်ရောင်ကို ဖြစ်ပြီးနောက် တခဏချင်းပင် ကွယ်ပျောက်၍သွားရာ လက်တွေ့ရှာဘို့ကို မဆိုထားဘိ စိတ်ကူးကြံစည်၍ မျှပင်လျှင် မရနိုင်အောင် ပျောက်ကွယ်သွားပုံ တချက်၊ ဤ ၃-ချက်ကို သေချာစွာ မှတ်သားပြီးလျှင် ထိုစိတ်ဝိညာဏ်သည်လည်း ငါဟု ခေါ်ဆို ဤကိုယ်ကြီးထဲမှာ မိမိတို့၏ ဆိုင်ရာ ရုပ်ကို မှီ၍မှီ၍ ဖြစ်ကြရာတွင် မဖြစ်ခင်ကလဲ မရှိနှင့်သေး၊ ဖြစ်နေတုန်း ဖြစ်နေဆဲ၌သာလျှင် ရှုကြသူများ သိမြင်ရအောင် သူ့သဘာဝ အထင်အရှား ပေါ်လာပြီးနောက် ကွယ်ပျောက် သွားရာ ဘယ်ဆီဘယ်မှာဟု ရှာ၍မရ ပျောက်ပျက်ကြသည့် ဤသုံးချက်ကို သိစေလို၍-

အဒဿနတော အာယန္တိ၊ ဘင်္ဂါ ဂစ္ဆန္တိ အဒဿနံ။
ဝိဇ္ဇုပ္ပါဒါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိစ။

အဒဿနတော၊ မရှိရာ မမြင်ရာက။ အာယန္တိ၊ ဒွါရခြောက်ပါးမှ ဝိညာဏ်တရားတွေ အသစ်အသစ် ဖြစ်လာကြလေကုန်၏။ ဘင်္ဂါ၊ ပျက်ပြီးသော စိတ်ဝိညာဏ်တို့သည်။ အဒဿနံ၊ ရှာလျှင် မတွေ့ ကြည့်၍ မမြင်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကြလေကုန်၏။ အာကာသေ၊ မိုးမှောင်ကျစဉ် ထက်ကောင်းကင်၌။ ဝိဇ္ဇုပ္ပါဒါဝ၊ တဝင်းဝင်း တလက်လက်နှင့် လျှပ်စစ် ပြက်သကဲ့သို့။ ဥပ္ပဇ္ဇန္တိစ၊ အကြောင်းရှိတိုင်း အကြောင်း ရှိသလောက်လဲ ဖြစ်ကြကုန်၏။ ဝယန္တိစ၊ အကြောင်းကင်းက ချက်ချင်းပင် ကွယ်ပျောက်ကြလေကုန်၏။

မြတ်စွာဘုရားသည် ဝိညာဏ်၏ ခက်ခဲ နက်နဲသော အနိစ္စအချက်ကို မြင်လွယ်အောင် ဥပမာဆောင်၍ ဟောပြတော်မူ၏။

အနိစ္စာနုဂတာ ဘဂ္ဂါ၊ ပုဗ္ဗော နတ္ထိ အနာဂတေ။
နိဗ္ဗတ္တာ ယေစ တိဋ္ဌန္တိ၊ အာရဂ္ဂေ သာသပူပမာ။

မြန်မာပြန် သက်သက်မှာ–ပျက်ပြီးသော ရုပ်နာမ်တို့သည် စုပုံ၍ နေခြင်း မရှိ။ နောင်ဖြစ်မည့် ရုပ်နာမ်တရားတို့သည်လည်း ဖြစ်ပေါ်ရန် ပေါင်းစု ငုံလင့် အဆင်သင့် ရှိနေသည် မဟုတ်။ အကြောင်းတိုက်ဆိုက် ဖြစ်ဆဲ ဖြစ်ခိုက်၌သာလျှင် သူ့သဘာဝ ဖြစ်ကြ ရှိကြ ပေါ်ကြ ကုန်၏။ ထိုဖြစ်ဆဲ၌လည်း ချွန်ထက်လှငြား အပ်အဖျားတွင် တင်လိုက်သော မုန်ညင်းစေ့ပမာ ကြာကြာမတည် ချက်ချင်းပင် ကုန်ခြင်း ပျက်ခြင်းသို့ ရောက်သတည်း။

ဤကား ရုပ်နာမ် သင်္ခါရတို့၏ အကြောင်းရ၍ ဖြစ်လာကြသော် ဖြစ်ဆဲခဏ မကြာကြာပုံနှင့် ချုပ်ပြီး သည်နောက် ကွယ်ပျောက်ကြပုံ နောင်ဖြစ်ပေါ်ရန် အစုအဝေးနှင့် မရှိကြပုံကို မဟာနိဒ္ဒေသပါဠိတော် ဂုဟဋ္ဌကသုတ် ဇရာသုတ်တို့အရ ပြလိုက်သည့်အတိုင်း ဉာဏ်ကုန်နှင့်၍ မြင်ကြပါလေ။ သူတော်ကောင်းတွေတို့။

ဝိညာဏ်၌ ဝိပဿနာနည်းအရ ရှုလို့လွယ်ကူပြီး အမြန်မြင်စေရန် ထပ်မံ၍ တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းမျှ ပြရပြန်သော် နားနှင့် အသံကို ကြားလာရာ နားနှင့် အသံက ရုပ်၊ ကြားသိတာက နာမ်ဟု ဆိုရိုးအရ ရှိကြသော်လည်း နာမ် စိတ်ဝိညာဏ် သက်သက်ကိုသာ ခြားနား ထင်ရှားစွာ သိဘို့ ရှုမှတ်ရန်မှာ အသံကြားလိုက်လျှင် အသံဆီသို့ စိတ်ရောက်သွားက ထိုအသံဖြစ်ရာ အကောင်အထည် ဒြပ်အာရုံဆီသို့ စိတ်ရောက်သွားတတ်

၏။ ထိုသို့သွားလျှင် စိတ်ကိုခွဲ၍ရှုရန် သိရန်နှင့် ဝေးကွာသွား၏။ ထို့ကြောင့် အသံဆီသို့ စိတ်ကို မရောက်စေနှင့်၊ ကြားတာဟာ အသံမဟုတ်၊ အသံရုပ်က မကြားတတ် မကြားနိုင် စိတ်ကသာ ကြားသိသည်။ ကြားသိနိုင်သည်။

ဤကား အသံရုပ်နှင့် ကြားသိစိတ် ကွဲပြား ခြားနားအောင် သတိပြု၍ ရှုပုံတချက်၊ ထို့ပြင်တဖန် ကြားတာဟာ ဤကိုယ်ကာယ ငါကြီးကပင်ဟုလဲ စွဲယူမှတ်မှား အထင်သွားတတ်သေးသည်။ မထင်လေနှင့် မထင်အောင် ဤကိုယ်ကာယ ရုပ်ကြီးက ကြားတာမဟုတ်၊ ကြားသိတတ်တာမဟုတ်၊ ကြားသိနိုင်တာမဟုတ်၊ စိတ်ကသာ ကြားသည်၊ ကြားသိတာစိတ် စိတ်ဟု ကွဲအောင် ရှု။ ဤကား နားရုပ်နှင့် (ဝါ) ကိုယ်ကာယ ရုပ်ကြီးနှင့် ကြားသိနာမ်စိတ် ကွဲပြား ခြားနားအောင် သတိထား၍ ရှုစားပုံ တချက်၊ ဤရုပ်နှစ်ပါး ဖယ်ရှားပြီး စိတ်ကိုရှုနိုင်လျှင် မုချပင် ကြားသိ ဝိညာဏ်စိတ်ဟု ဉာဏ်ထဲတွင် လှုလှုထင်ရှားစွာ သိနိုင်ပြီဟု မှတ်လေ။

နာမ်စိတ် သက်သက်မျှ ဉာဏ်ထဲတွင် ကွက်ကွက် ကွင်းကွင်း ဉာဏ်အမြင် ရှင်းလင်းသော် ထိုဝိညာဏ်၌ အနိစ္စအချက် အပျက်ကို သိမှုကြီးလဲ တခါတည်း တပါတည်း အပြီး သိမြင်လာပေတော့သည်။ ဤရှုနည်းကို စေ့စပ်သေချာ ဆင်ခြင်ခါဖြင့် လိုက်နာပွားများက ဝိညာဏ်အလုပ်၌ အဟုတ်တမ်း ကိစ္စပြီးစီးနိုင်သည်ဟု သိကြလေ။ (ဝါ) ဝိညာဏ် ဝိပဿနာအလုပ်ကြီး ခရီးရောက်၍ ဉာဏ်ပေါက်မည်။ ဤကား အာရုံရုပ် ဒွါရရုပ်တို့နှင့် ရောနှောရှုနေက နာမ်ဝိညာဏ် ဝိပဿနာအလုပ် ရှုပ်ထွေးမည့်

အရေးကြောင့် အထူးလေးနက်စွာ ထပ်မံ၍ သတိပေး ရေးသား လိုက်ပါသတည်း။

ယခုပြခဲ့သော နည်းမှာ နာမ်စိတ် သက်သက်ကိုသာ ပြသည် အတွက် ဒွါရရုပ် အာရုံတို့ပါ ရှုရာ၌ မရောမရှက် မပတ်သက် စေဘဲ ဝိညာဏ် ရှုနည်းကိုသာ ကွက်၍ သီးခြား ပြခြင်းပင်တည်း။ ဤသို့ရှုသော် ခက်ခဲ နက်နဲ သိနိုင်ခဲ မြင်နိုင်ခဲ၍ မသိကြသဖြင့် ယခုဘဝတွင်မက ဘဝကမ္ဘာ အဆက်ဆက်ကပင် မြဲနေသည်ဟု ထင်မှား စွဲလမ်းခဲ့သော စိတ်တရား၌ မြဲသည်မထင် (ခုဖြစ်– ခုပျက်နေသည်)ဟု အသိဉာဏ်ပေါက်ပြီး သံသရာအစဉ်က အတ္တ အသင်မှားကြီးသည် တခါတည်း အပြီးပျောက်၍ ငြိမ်းရော နိဗ္ဗာန်သို့ ရောက်နိုင်ပြီဟု ယုံကြည်စွာ ကြိုးစား၍ ရှုလေဟု တိုက်တွန်းပြီး ဝိညာဏ်ကမ္မဋ္ဌာန်း တရားတထုံး နိဂုံးချုပ်လိုက် ပေသတည်း။

### ဝိညာဏ်၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် သိရန်ဆောင်ပုဒ်

၁။ အာရုံသိသော, သဘောအမှန်၊
နာမ်ဖြစ်လာငြား, ရှေ့သွားကောန်၊
အစဉ်မပြတ်, ဆက်စပ်ထင်ပြန့်၊
မှန်အရိပ်, နာမ်စိတ်ဖြစ်ပေါ်ဟန်။

၂။ ဖြစ်လာသရွေ့, မရွေ့ဆံခြည်၊
ရုပ်တပါးသို့, မသွားနိုင်သည်၊
ဖြစ်ဆိုပျက်ရ, ခဏမတည်၊
ဖြစ်ပြီးရင်း, ချက်ချင်းပျက်တော့သည်။
လျှပ်စစ်လား, မခြားရှုရမည်။

၃။ မျက်စိတလှစ်, သိန်းဖြစ်ကုဋေ၊
အသေအချုပ်, အဟုတ်မြန်ပေ၊
အနိစ္စမို့, ဒုက္ခမှန်လေ၊
အနတ္တ, မှတ်ကြသူညတွေ။

၄။ အာရုံထင်ရှား, သိခြားဝေဒနာ၊
ခံစားစံစား, တရားကိစ္စာ၊
အကောင်းအဆိုး,နှစ်မျိုးပေါ်လာ၊
ထိတွေ့မှု, သူ့ရဲ့အကြောင်းပါ။

၅။ အရိယာအစစ်, ဖြစ်ကြောင်းမှန်သည်၊
ဖြစ်ပျက်ဆင်းရဲ, ဉာဏ်ထဲမြင်သည်၊
ဆင်းရဲတွေ့၍, ငြီးငွေ့လာသည်၊
ငြိမ်းရာတွေ့, စွန့်၍ပြေးဝင်ပြီ။

ဤအထက်ပါ ၅-နံပါတ် လင်္ကာမှာ ဝိပဿနာ အားထုတ်သူတို့ အကျဉ်းချုပ် ဉာဏ်စဉ်ထင်ပုံကို အောက်ပါ ပါဠိနှင့်အညီ ပြလိုက်သည်။

ဥပ္ပါဒေ ဘယံ ဒိသွာ အနုပ္ပါဒေ စိတ္တံ ပက္ခန္ဒတိ- ဟူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာအရ ဝိပဿနာဉာဏ်မှ အရိယာမဂ်ဉာဏ်သို့ ကူးပြောင်းသွားပုံ(ဝါ) ရုပ်နာမ် သင်္ခါရ ရှုနေဆဲ အာရုံထဲမှ နိဗ္ဗာန် အာရုံသို့ ကူးပြောင်း ပြေးဝင် သွားပုံကို အားထုတ်ဆဲ ယောဂီ အားထုတ်ပြီး ယောဂီများ မှန်းဆ ရိပ်မိ ကိုက်၍ညှိကြ ကြည့်ကြ သိကြစေရန် အကျဉ်းမျှ ထုတ်ပြလိုက်၏။

**အနက်ကား။** ဥပ္ပါဒေ၊ ဖြစ်ပျက်ဆင်းရဲ ရုပ်နာမ်ထဲ၌။ ဘယံ၊ ကြောက်လန့်ငြီးငွေ့ မပျော်မွေ့ဘွယ် အဖြစ် ဘေးအပြစ်

ကို။ ဒိဿ၊ ဝိပဿနာ ဉာဏ်ပညာဖြင့် ထင်စွာမိမိ ရှုတိုင်းသိ၍။ အနုပ္ပါဒေ၊ ဖြစ်ပျက်ခြင်းမှ အလျှင်းခပ်သိမ်း ကင်းလွတ်ငြိမ်း ရာမှန် နိဗ္ဗာန်၌။ စိတ္တံ၊ ဂေါတြဘူစိတ် အရိယာမဂ်စိတ်သည်။ ပက္ခန္ဒတိ၊ ကူးပြောင်း ပြေးဝင် လေသတည်း။

## သံသရာ့ သံဝေဂနှင့် အဆုံးသတ် ဂါထာများ

(က) ဝဋ္ဋမာဗန္ဓမိစ္စေဝံ၊ တေဘူမကမနာဒိကံ။
ပဋိစ္စသမုပ္ပါဒေါတိ၊ ပဋ္ဌပေသိ မဟာမုနိ။

ဧဝံ၊ ဤသို့ လေးပါးသော နည်းအားလျော်ညီစွာ ဆက်စပ်ခါဖြင့်။ အနာဒိကံ၊ အနမတဂ္ဂသုတ်အလာ ဘယ်ကမှာ ဘယ်ကာလကဟု မသိအပ်သော အစရှိထသော။ အာဗန္ဓံ၊ မျိုးစေ့နှင့် သစ်ပင် ဆက်စပ်ယှဉ်၍ ဖြစ်အင်ဓမ္မတာ ဥပမာကဲ့သို့ ကိလေကမ္မ ဝိပါကတို့ လှည့်လည်မပြတ် ဆက်စပ်နေသော။ တေဘူမကံ၊ ပွေပွေလီလီ လှည့်လည်လိမ်သူ မျက်လှည့်သည် အတူလို နတ်လူပြဟ္မာ အစဖြာသည့် ဖြစ်ရာဌာန သုံးပါးသော ဘုံဘဝတို့၌သာ ဖြစ်ထသော။ ဝဋ္ဋံ၊ ရပ်သည်ပြတ်သည် ဆုံးသည့်မရှိ တလှည့်ထဲလှည့် တလည်ထဲလည်ခါဖြင့် အမြဲသာ ညှဉ်းဆဲသည့် ဤဝဋ်ဆင်းရဲကြီးကို။ ပဋိစ္စသမုပ္ပါဒေါတိ၊ လူနတ်ပြဟ္မာ သူငါမဘက် ကြောင်းကျိုးတွေ သက်သက် ဖြစ်နေသော သံသရာစက်ကြီးဟူ၍။ မဟာမုနိ၊ ရှင်တော်မြတ်ဘုရားသည်။ ပဋ္ဌပေသိ-ဒေသေတိ၊ ဝေနေယျများ အယူမှားကင်းအောင် ထင်လင်းစွာ ဟောကြားတော် မူပါပေသတည်း။

(ခ) ပဋိသန္ဓိဘဝင်္ဂဝီထိယော၊ စုတိစေဟ တထာ ဘဝန္တရေ။
ပုနသန္ဓိ ဘဝင်္ဂမိစ္စယံ၊ ပရိဝတ္တတိ စိတ္တသန္တတိ။

ဣဓ၊ဖြစ်ဆဲကာလ ဤဘဝ၌။ပဋိသန္ဓိစ၊ ဤဘဝတွင် အရင်အစ ဖြစ်ပေါ်ရသည့် ပဋိသန္ဓေစိတ် သည်လည်းကောင်း။ ဘဝင်္ဂ၊ဘဝင်စိတ် သည်လည်းကောင်း၊ဝီထိယောစ၊ အာဝဇ္ဇန်းအစရှိသော ဝီထိစိတ်တို့ သည်လည်းကောင်း။ စုတိစ၊ဘဝတပါးပြောင်းရွှေ့သွားမည့် အခါ ဖြစ်ပေါ်လာပြီး ပျက်စီး ပျောက်သုဉ်းသည့် နောက်ဆုံးစိတ် သည်လည်းကောင်း။ ဣတိအယံ စိတ္တသန္တတိ၊ ဤစိတ်တို့၏ အစဉ်သည်။ ပဝတ္တတိယထာ၊ မပြတ်မလပ် ဆက်စပ်၍ ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။ ပုန၊တဖန်။ ဘဝန္တရေ၊ ဘဝတပါး၌လည်း။ သန္ဓိဘဝင်္ဂါဒိကာ၊ ပဋိသန္ဓေ ဘဝင် အစရှိသော။ အယံစိတ္တသန္တတိ၊ ဤစိတ်အစဉ်ကြီးသည်။ ပရိဝတ္တတိ၊လည်၍တဖန် ဖြစ်ပေါ်ပြန်၏။

(၈) ပဋိသင်္ခါယ ပနေတ မဒ္ဓုဝံ၊
အဓိဂန္တွာ ပဒမစ္စုတံ ဗုဓာ။
သုသမုစ္ဆိန္နသိနေဟဗန္ဓနာ၊
သမမေဿန္တိ စိရာယ သုဗ္ဗတာ။

ဗုဓာ၊သံသရာဘေး မျှော်တွေးမြင်သိ ပညာရှိတို့သည်။အဒ္ဓုဝံ၊ ဖြစ်ကြပျက်ကြ မမြဲကြသော။ ဧတံဝဋ္ဋံ၊ပဋိစ္စသမုပ္ပါဒ် လှည့်ပတ်နေငြား ထိုဝဋ္ဋတရားကို။ပဋိသင်္ခါယ၊ ဝိပဿနာ ဉာဏ်ပညာနှင့် ခါခါစိစိ မြင်အောင် ကြည့်ကြ၍။ စိရာယ၊ နှေးညဉ့်ရှည်ကြာ များစွာသော ကာလပတ်လုံး။ သုဗ္ဗတာ၊ကိလေသာကို ပယ်ခွါနိုင်သိ ဖြူစင်သော အကျင့်ရှိကုန်သည်ဖြစ်၍။အစ္စုတံ၊ကျွတ်လွတ်ဆိတ်ငြိမ်၊ မသေ၊မပျို လေးခုသော သဘော ရှိထသော။ ပဒံ၊ နိဗ္ဗာန်ကို။အဓိဂန္တွာ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် ဆိုက်ရောက်ကြကုန်သည်ဖြစ်၍။ သုသမုစ္ဆိန္နသိနေဟဗန္ဓနာ၊ အနမတဂ္ဂ ဘဝ

အဆက်ဆက် သံသရာတွင် ဒုက္ခဖြစ်ကြောင်း အမှန် တဏှာ, ဒိဋ္ဌိ ဥပါဒါန်တို့ကို ဝိဇ္ဇာဉာဏ် လက်နက်ဖြင့် ပယ်ဖျက်ကြကုန်၍။ သမံ၊ မပြတ်မစဲ အမြဲလောင်ငြား မီးတဆယ့်တပါးတို့၏ ကုန်ငြိမ်းရာ မြေလှစွာသော နိဗ္ဗာန်သို့။ သောန္တိ၊ ကိုယ်တွေ့ဉာဏ်မြင် အမှန်ပင် ဆိုက်ရောက်ကြ ပေကုန်အံ့သတည်း။

ပုံနှိပ်သူ မှတ်ပုံတင် (၀၄၂၂)
ထုတ်ဝေသူ မှတ်ပုံတင် (၀၇၄၉)
ဒေါ်မြင့်မြင့်
ဇမ္ဗူသဿယ စာပုံနှိပ်တိုက် ၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။